

စိတ်ကူးချိုချိုအနုပညာ



# စိတ်ကူးချိုချို
# ပင်ကိုရေးပုံပြင်များ(၁)



စိတ်ကူးချိုချို
ပင်ကိုရေးပုံပြင်များ(၁)

KLS0030
1,000.00 KS

mgyoe.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၆၃၀၀၂၄၀၇၁၀ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၀၂၅၄၀၇၁၀ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်း ဣ.ဇ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

၇၉၅ • ၇၃

ကလောင်စုံ

စိတ်ကူးချိုချိုပင်ကိုရေးပုံပြင်များ(၁) / ကလောင်စုံ ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၁၈၄ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

(၁) စိတ်ကူးချိုချိုပင်ကိုရေးပုံပြင်များ(၁)

mgyoe.com

mgyoe.com

# မာတိကာ


၁။ သမင်နှလုံးသားနဲ့ ကျားကလေး ၁
ကြူးနှစ်
၂။ ကျွန်တော်တို့ တောင်ပေါ်ခရီး ၁၇
ကြည်နိုင်
၃။ နေဝင်စ ချိုးမရယ်ကူ ၃၄
စိုးမြင့်လတ်
၄။ ဒေလီယာနဲ့ မိုမို ၃၉
ရွှေရေးထင်ထင်
၅။ ကျောက်ဆစ်ရုပ်မင်းသမီးလေး ၇၀
ရတနာ (ရွှေမြို့င်)
၆။ သူရဲကောင်းမိခင် ၇၈
ဦးဦးဖိုးသား (ရွှေဘို)
၇။ မှားလျှင်ပြင်ပါ ၈၅
ခင်မေသစ် (ကျောက်ဆည်)
၈။ မန်မန်စားတဲ့အခါ ၉၅
ဝတ်ရည်နန္ဒာ
၉။ တောကျိုးနှင့် မြို့ကျိုး ၁၁၄
ကိုကြွယ်
၁၀။ အတွင်းကျိတ် ၁၁၇
ခြိမ့်နိုင်


mgyoe.com

mgyoe.com

၁၁။ သူ့ရိပ်ကိုခို သူ့ကိုင်းကိုချိုး ၁၂၅
မျိုးသူ (ကျိုက်လတ်)
၁၂။ နယ်လွန်လောဘ ၁၃၀
ပန်းတနော်စောလွင်
၁၃။ တန်ဖိုးအရှိဆုံးရတနာ ၁၃၄
လပွတ္တာ–ရန်မင်းအောင်
၁၄။ ငိုနေရတဲ့ လူရွှင်တော်ကြီး ၁၄၄
ကြူးနှစ်
၁၅။ သိပ်ပူတဲ့ မောင်လူအေး ၁၅၅
စိုးမြင့်လတ်
၁၆။ ကြီးစားခြင်းသာ အောင်မြင်ရာ ၁၆၀
ဝတ်ရည်နန္ဒာ
၁၇။ ဘောလုံးလေးတွေ ကယ်ပေလို့ ၁၇၅
ပန်းတနော်စောလွင်
၁၈။ ပန်းပင်များနှင့် ဥယျာဉ်မှူး ၁၈၀
သိုက်ဖွားထွန်းထွန်း

mgyoe.com

mgyoe.com

# မာတိကာ


၁။ သမင်နှလုံးသားနဲ့ ကျားကလေး ၁
ကြူးနှစ်

၂။ ကျွန်တော်တို့ တောင်ပေါ်ခရီး ၁၇
ကြည်နိုင်

၃။ နေဝင်စ ချိုးမရယ်ကူ ၃၄
စိုးမြင့်လတ်

၄။ ဒေလီယာနဲ့ မိုမို ၃၉
ရွှေရေးထင်ထင်

၅။ ကျောက်ဆစ်ရုပ်မင်းသမီးလေး ၇၀
ရတနာ (ရွှေမြို့င်)

၆။ သူရဲကောင်းမိခင် ၇၈
ဦးဦးဖိုးသား (ရွှေဘို)

၇။ မှားလျှင်ပြင်ပါ ၈၅
ခင်မေသစ် (ကျောက်ဆည်)

၈။ မန်မန်စားတဲ့အခါ ၉၅
ဝတ်ရည်နန္ဒာ

၉။ တောကျိုးနှင့် မြို့ကျိုး ၁၁၄
ကိုကြွယ်

၁၀။ အတွင်းကျိတ် ၁၁၇
ခြိမ့်နိုင်


mgyoe.com

mgyoe.com


၁၁။ သူ့ရိပ်ကိုခို သူ့ကိုင်းကိုချိုး ၁၂၅
မျိုးသူ (ကျိုက်လတ်)
၁၂။ နယ်လွန်လောဘ ၁၃၀
ပန်းတနော်စောလွင်
၁၃။ တန်ဖိုးအရှိဆုံးရတနာ ၁၃၄
လပွတ္တာ–ရန်မင်းအောင်
၁၄။ ငိုနေရတဲ့ လူရွှင်တော်ကြီး ၁၄၄
ကြူးနှစ်
၁၅။ သိပ်ပူတဲ့ မောင်လူအေး ၁၅၅
စိုးမြင့်လတ်
၁၆။ ကြိုးစားခြင်းသာ အောင်မြင်ရာ ၁၆၀
ဝတ်ရည်နန္ဒာ
၁၇။ ဘောလုံးလေးတွေ ကယ်ပေလို့ ၁၇၅
ပန်းတနော်စောလွင်
၁၈။ ပန်းပင်များနှင့် ဥယျာဉ်မှူး ၁၈၀
သိုက်ဖွားထွန်းထွန်း


mgyoe.com

mgyoe.com

# ပင်ကိုရေး ပုံပြင်စာမူ (၁)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# သမင်နှလုံးသားနဲ့ ကျားကလေး

တစ်ခါတုန်းက မြစိမ်းတောင်ခြေ တောနက်ကြီးထဲမှာ နာမည်ကျော် ဓားပြဗိုလ်ကြီး 'ဗိုလ်မိုးသိး'နဲ့သူ့တပည့် လူဆိုးသူခိုးအယောက် ၂၀ တို့ ခိုအောင်းနေခဲ့ကြသတဲ့။ မြစိမ်းတောင်ခြေ တောနက်ကြီးဟာ သစ်ပင်ချုံနွယ်တွေ အလွန်ရှုပ်ထွေး ထူထပ်တာမို့ သွားရေးလာရေးခက်တယ်။ တောင်မြင့်ကြီးတွေ၊ အလွန်နက်ရှိုင်းတဲ့ ချောက်ကြီးတွေရှိကြတာမို့ တောတောင်ထဲမှာ ကျက်စားကြတဲ့ မုဆိုးတွေတောင် မသွားကြ၊ မလာကြဘူး။ ပြီးတော့ ဆူးပင်တွေပေါတဲ့ လျှိုမြောင်တွေထဲမှာလည်း အဆိပ်ပြင်းတဲ့ မြွေဆိုးတွေ ထောင်သောင်းချီပြီး ရှိနေကြလို့ လူမပြောနဲ့ ကျားတွေ၊ ဆင်တွေတောင် မြစိမ်းတောင်ခြေ တောနက်ကြီးကို ရှောင်ကွင်းသွားကြတယ်။

ဒါပေမယ့် သတ္တိကောင်းတဲ့ ဗိုလ်မိုးသိးတို့ အဖွဲ့ကတော့ အဲဒီတောထဲမှာတဲအိမ်ကလေးတွေဆောက်ပြီး စိတ်ချလက်ချ နေကြသတဲ့။ ဒီလောက်နက်တဲ့ တောကြီးထဲကို ဘုရင်မင်းမြတ်ရဲ့ စစ်သည်ရဲမက်တွေ လိုက်မလာဝံ့ကြဘူး မဟုတ်လား။ ရဲမက်တွေက ဓားပြတွေကို မကြောက်ပေမယ့် မြွေဆိုးတွေ၊ ကျားဆိုးတွေကိုတော့ ကြောက်ကြတယ်လေ။ ဒါကြောင့်မို့ ပြည်သူလူထုကို ဒုက္ခပေးနေတဲ့ ဓားပြ

mgyoe.com

ဗိုလ်ကြီး ဗိုလ်မိုးသီးတို့အဖွဲ့ကို ရဲမက်တွေက ဖမ်းဆီးနှိမ်နင်းချင်ကြပေမယ့် တောထဲကို မဝင်ရဲကြတာနဲ့ သူတို့ဟာ ဗိုလ်မိုးသီးတို့အဖွဲ့ကို အဝေးကပဲ ချောင်းမြောင်းနေခဲ့ကြရသတဲ့။

ဗိုလ်မိုးသီးတို့အဖွဲ့ဟာ ရှင်ဘုရင်ရှိတဲ့ နေပြည်တော်မြို့နဲ့ဝေးတဲ့ ကျေးလက်တောရွာတွေကိုပဲ မကြာခဏ ဝင်ရောက်ပြီး လုယက်တိုက်ခိုက်နေကြတယ်...တဲ့။ သူတို့က လက်နက်မရှိတဲ့ လူထုကို လက်နက်၊ လေးမြှားအားကိုးနဲ့ အနိုင်ကျင့်ကြတာပေါ့လေ။

တစ်နေ့တော့ ဗိုလ်မိုးသီးတို့ လူဆိုးတွေဟာ ရွာကြီးတစ်ရွာကို ညဘက်မှာ မြင်းတွေစီးပြီး ဓားပြဝင်တိုက်သတဲ့။ ရွာသူ၊ ရွာသားတွေဟာ ဗိုလ်မိုးသီးတို့ရဲ့ မြင်းစီးဓားပြတွေ ရွာထိပ်ရောက်လာကြပြီး...

"ဗိုလ်မိုးသီးတဲ့ဟေ့... ရှိတာအကုန်ထုတ်၊ ဇက်ပြုတ်သွားမယ်" ဆိုတဲ့ အော်ဟစ်ကြိမ်းမောင်းသံကြီး ကြားတာနဲ့ လွတ်ရာကျွတ်ရာကို ကြောက်အားလန့်အား ထွက်ပြေးကြရောတဲ့။ ဗိုလ်မိုးသီးဆိုရင် နာမည်ကြားရုံနဲ့ ရွာသူ၊ ရွာသားတွေက ဒူးတုန်အောင် ကြောက်ရှာကြတာကိုး။ မကြောက်လို့လည်း မဖြစ်ဘူး၊ ဗိုလ်မိုးသီးရဲ့ လက်သုံးတော်ဓားရှည်ကြီးက သိပ်ထက်တာကိုး။ ဘယ်လောက်ထက်သလဲဆိုရင် အုန်းပင်၊ ထန်းပင်ဆိုရင်တောင် သူ့ဓားကြီးနဲ့ တစ်ချက်တည်း ခုတ်လိုက်ရုံနဲ့ လူတစ်ဖက်စာလောက်ကြီးတဲ့ အုန်းပင်၊ ထန်းပင်တွေဟာ ထက်ပိုင်းပြတ်ပြီး လဲကျသွားတာတဲ့။ ဗိုလ်မိုးသီးမှာ အဲဒီလောက် ကြောက်စရာကောင်းအောင် ထက်တဲ့ဓားကြီး ရှိနေတော့ ရွာသူ၊ ရွာသား၊ ကလေး၊ လူကြီးမကျန် "ဗိုလ်မိုးသီး... ဟေ့"လို့ ဆိုလိုက်တာနဲ့ ဖိန့်ဖိန့်တုန်အောင် ကြောက်ကုန်ကြတော့တာပေါ့။

အဲဒီညက ဗိုလ်မိုးသီးတို့ ဓားပြအဖွဲ့ဟာ ရွာထဲက အိမ်တွေပေါ်တက်ပြီး အဖိုးတန်ပစ္စည်းတွေကို ရှာဖွေသိမ်းပိုက်ကြသတဲ့။ ရွာထဲက လူတွေ တစ်ယောက်မကျန် ထွက်ပြေးကုန်ကြတော့ အဖိုးတန်ပစ္စည်း

တွေကို သူတို့ စိတ်တိုင်းကျ အေးအေးဆေးဆေး ရွေးယူရုံပဲလေ။ ဒါပေမယ့် အဲဒီရွာက ရွာသာကြီးပြီး လူဦးရေသာများတာ၊ အိမ်တွေမှာ အဖိုးတန်ပစ္စည်း သိပ်မတွေ့ရဘူးတဲ့။ ဘယ်တွေ့မလဲ၊ ရွာသားတွေက ဓားပြတိုက်မှာစိုးလို့ သူတို့ရဲ့ အဖိုးတန် ရွှေငွေရတနာတွေကို လုံခြုံတဲ့ တစ်နေရာမှာ သွားဝှက်ထားကြတာကိုး။

ရွာသားတွေရဲ့ လိမ္မာပါးနပ်မှုကို ဝါရင့်ဓားပြဗိုလ်ကြီး ဗိုလ်မိုးသီးက နားလည်တာပေါ့။ သူတို့လိုချင်တဲ့ အဖိုးတန် ရွှေငွေရတနာတွေ မရလို့ ဗိုလ်မိုးသီးဟာ ဒေါသူပုန်ထ၊ စိတ်တိုသွားသတဲ့။

"အင်မတန် ဉာဏ်နီဉာဏ်နက်များတဲ့ ရွာသားတွေ၊ မိုးသီး အကြောင်း ကောင်းကောင်းကြီး သိစေရမယ်ဟေ့..."လို့ ကြုံးဝါးပြီး ဗိုလ်မိုးသီးက သူ့အပေါ် ဉာဏ်များ လှည့်စားတဲ့ရွာကို မီးနဲ့ရှို့ပစ်ဖို့ သူ့တပည့်ကျော်ကို အမိန့်ပေးလိုက်တယ်။

"ဟိတ်... တစ်ရွာလုံး ပြာပုံဖြစ်အောင် မီးတိုက်ပစ်၊ အိမ်တိုင် ငုတ်တိုကလေး တစ်ခုတောင် မီးမလောင်ဘဲ မကျန်ခဲ့စေနဲ့။ ငါပြော တာ ကြားလားဟေ့..."

ဗိုလ်မိုးသီးရဲ့ တပည့်တွေ ရွာကို မီးရှို့ခါနီးမှာ သူ့တပည့် တစ်ယောက်ဟာ ခြောက်လသားအရွယ် ယောကျ်ားကလေးတစ် ယောက်ကို ပွေ့ချီပြီး ဗိုလ်မိုးသီးဆီ ပြေးလာသတဲ့။

"အိမ်တစ်လုံးထဲကနေ ဒီကလေးကို တွေ့ခဲ့ပါတယ်။ သူ့မိဘ တွေ အကြောက်လွန်ပြီး ထွက်ပြေးတော့ ကလေးကို မေ့ကျန်ခဲ့ပုံ ရပါတယ်"လို့ တပည့်က ပြောပြတော့ ဗိုလ်မိုးသီးဟာ ရုတ်တရက် ပျော်ရွှင်သွားတယ်။ သူဟာ တောပုန်းဓားပြဘဝ ရောက်ကတည်းက သူ့ဇနီးနဲ့ သားသမီးတွေက သူ့ကို စွန့်ခွာသွားကြတယ်လေ။ သူက သားကလေးတစ်ယောက် လိုချင်နေခဲ့တာ ကြာပြီ။

"ဟား...ဟား၊ ဟန်ကျပြီဟေ့။ ဒီကလေးဟာ ငါ့သားဖြစ်ပြီ။

mgyoe.com

ငါ မွေးစားမယ်ဟေ့။ ရွာကို မီးရှို့ခါနီးမှာ အသက်ဘေးက ကပ်လွတ် ခဲ့လို့ ဒီကလေးကို 'ကံကောင်း'လို့ အမည်မှည့်လိုက်မယ်။ သူဟာ ငါ့သား ကံကောင်း ဖြစ်သွားပြီဟေ့"လို့ ဗိုလ်မိုးသီးက ဝမ်းသာအားရ အော်သတဲ့။

ဒီလိုနဲ့ ကံကောင်းဟာ မြစိမ်းတောင်ခြေ တောနက်ထဲက တော ပုန်း စားပြတွေကြားမှာ ကျန်းကျန်းမာမာနဲ့ ကြီးပြင်းလာခဲ့တာပေါ့။ လူဆိုး၊ လူကြမ်းတွေကြားမှာ နေရတော့ ကံကောင်းဟာ ငယ်ငယ် ကတည်းက လူရိုင်း၊ လူကြမ်းကလေး ဖြစ်ခဲ့ရသတဲ့။ သူဟာ လေးခွ ကိုင်နိုင်တဲ့ အရွယ်ကစလို့ လေးခွနဲ့ ကျေးငှက်တိရစ္ဆာန်တွေကို ပစ်သတ်တယ်။ စမ်းချောင်းထဲက ငါးကလေးတွေကိုလည်း ဖမ်းပြီး မီးကင်စားတယ်။ ဖားကလေးတွေ၊ ပုတ်သင်ညိုကလေးတွေကိုလည်း ကံကောင်းက တုတ်နဲ့ ရိုက်သတ်ပစ်တာပဲ။ ပြီးတော့ လူကြီးတွေ စားတာတွေ အကုန်လိုက်စားပြီး လူကြီးတွေ ပြောသလို အကုန်လိုက် ပြောတော့ ကံကောင်းဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ပါးစပ်ကြမ်းပြီး အဆဲ သန်တဲ့ လူရိုင်းကလေး ဖြစ်နေတော့တာပေါ့။ ကံကောင်း လူရိုင်း ကလေး ဖြစ်နေတာကို သူ့ရဲ့ မွေးစားအဖေ ဗိုလ်မိုးသီးက အလွန် သဘောကျသတဲ့။

ကံကောင်းက ယုန်အရှင်ကလေးတစ်ကောင်ကို ကိုင်ပေါက်ပြီး သတ်ပစ်တာကိုတွေ့ရင် ဗိုလ်မိုးသီးက လက်ခုပ်လက်ဝါးတီးပြီး "ဒါမှ ငါ့သား ကံကောင်းကွ"လို့ အော်ဟစ်အားပေးသတဲ့။ ကံကောင်းက ဗိုလ်မိုးသီးရဲ့ တပည့် လူဆိုးတစ်ယောက်ကို ဆဲရင်လည်း "ငါ့သား ကံကောင်းကွ၊ မှတ်ထား" ဆိုပြီး ရယ်မောသတဲ့။

ကံကောင်း ၁၀ နှစ်သား အရွယ်ကျတော့ လေးရယ်၊ မြားရယ်၊ ဓားမြှောင်ရယ် ကိုင်ပြီး ယုန်တို့၊ ရှဉ့်တို့၊ တောကြက်တို့ကို လိုက် ပစ်တယ်။ ပစ်လို့ရရင် လူဆိုးကြီးတွေလုပ်သလို အကောင်ပလှော်

mgyoe.com

တွေကို သူကိုယ်တိုင် မီးကင်ပြီး စားသတဲ့။ သူက စမ်းချောင်းထဲမှာ ငါးမျှားပြီး ငါးတွေကိုလည်း မကျက်တကျက် ကင်စားတာပဲ။

ဗိုလ်မိုးသီးတို့ ဓားပြထွက်တိုက်ကြတဲ့ အချိန်မှာတော့ ကံကောင်း မလိုက်ရဘူး။ တောထဲမှာ ဗိုလ်မိုးသီးရဲ့ လူယုံတော် လူဆိုးကြီး 'သံခဲ'နဲ့ နေခဲ့ရတယ်။ သံခဲက ကံကောင်းကို မကောင်းတဲ့အတတ် တွေ အကုန်သင်ပေးတယ်။ နဂိုရိုင်းနေတဲ့ ကံကောင်းဟာ သံခဲကြီးနဲ့ ပေါင်းမိတော့ ပိုပြီးရိုင်းလာတာပေါ့။ အသက် ၄၀ လောက်ရှိတဲ့ သံခဲကြီးကိုလည်း 'မင်း'တစ်လုံး 'ငါ'တစ်လုံးနဲ့ ရွယ်တူလို စကား ပြောတယ်။ ကံကောင်း အဲဒီလို ရိုင်းနေတာကိုလည်း ဗိုလ်မိုးသီးက လုံးဝ မဆုံးမဘူး။ မဆုံးမတဲ့အပြင် ကံကောင်းကို မြှောက်တောင်ပေး သေးတယ်။

"ငါ့သား... ဘယ်သူ့ကိုမှ မကြောက်နဲ့။ မင်းကို တစ်ခွန်းဆဲရင် ငါးခွန်းပြန်ဆဲ။ မင်းကို လက်နဲ့ရိုက်ဖို့ ရွယ်ရင် မင်းက ဓားနဲ့ပြန် ခုတ်။ လှံရှိရင် လှံနဲ့ထိုး။ မနိုင်ရင်ထွက်ပြေးပြီး အဝေးကနေ မြှားနဲ့ ပစ်။ သားကို လက်တွေဖမ်းချုပ်ရင် သားက သွားတွေနဲ့ သူ့လက်ကို ကိုက်ပစ်လိုက်။ မှတ်ထားနော်... ငါ့သား"

ဗိုလ်မိုးသီးက ကံကောင်းကို ပိုပြီးရိုင်းသွားအောင်၊ ပိုပြီးကြမ်း သွားအောင် လေ့ကျင့်သင်ကြားပေးနေတာ။ သူ့မှာ အင်မတန်ဆိုးဝါးတဲ့ အကြံအစည်ရှိတယ်။ အဲဒါကတော့ ကံကောင်း အရွယ်ရောက်တာနဲ့ သူတို့နဲ့အတူ ဓားပြလိုက်တိုက်ခိုင်းဖို့ပဲ။ ကံကောင်း ဓားပြတိုက်တတ် သွားပြီး သူကလည်း အသက်ကြီးလို့ မစွမ်းမသန် ဖြစ်လာတဲ့အခါ ကံကောင်းကို သူ့နေရာပေးပြီး ဗိုလ်လုပ်ခိုင်းမယ်ဆိုတဲ့ အကြံအစည် ဟာ ဗိုလ်မိုးသီးရဲ့ မဟာအကြံအစည်ကြီးပဲ။ ကံကောင်းဟာ ဓားပြ အဖွဲ့မှာ အကြီးအကဲဖြစ်တဲ့ ဗိုလ်မိုးသီးရဲ့ သားဖြစ်နေရတော့ အလို လိုလည်း ဘဝင်မြင့်နေတယ်။ သူ့ကိုယ်သူ မွေးစားသားမှန်းလည်း

mgyoe.com

မသိဘူး။ မွေးစားသားမှန်း မသိရအောင် တပည့်အားလုံးကို ဗိုလ်မိုးသီးက နှုတ်ပိတ်ထားသတဲ့။ နှုတ်မလုံတဲ့လူကတော့ သေဒဏ်ပဲ...တဲ့။

ဒီလိုနဲ့ပဲ ကံကောင်းဟာ မြင်းစီး၊ ဓားရှည်ကိုဆွဲပြီး ဓားပြတိုက်နိုင်တဲ့အရွယ်ကို ရောက်လာတယ်။ ပထမဆုံးပွဲဦးထွက်မှာ ကံကောင်းဟာ ဓားပြတိုက်ရင်း သူ့ကို ခုခံကာကွယ်တဲ့ အပြစ်မဲ့ ရွာသားတစ်ယောက်ကို သတ်လိုက်တယ်။ ဒါကို ဗိုလ်မိုးသီးက သူရဲကောင်းတစ်ဦးရဲ့ ရဲစွမ်းသတ္တိပဲဆိုပြီး ချီးကျူးတယ်။

"ဒါမှ ငါ့သားကြီး ကံကောင်းကွ"လို့ လက်ခုပ်လက်ဝါးတီးကြွေးကြော်အော်ဟစ်ပြီး ဗိုလ်မိုးသီးက ကံကောင်းကို အထူးဆုအဖြစ် အရက်သေရည်တစ်ခွက် ချီးမြှင့်လိုက်တယ်။ ကံကောင်းမှာ နောက်ထပ် မကောင်းတဲ့ အတတ်တစ်ခု တိုးပွားသွားပြန်ပြီပေါ့။ အဲဒီကတည်းက ကံကောင်းဟာ အရက်သေရည် သောက်တတ်သွားကရော။

"အဖေ... ရှင်ဘုရင်ရဲ့ နန်းတော်ထဲအထိ ကျွန်တော် ဓားပြဝင်တိုက်ချင်တယ်။ ရှင်ဘုရင်ဆိုတဲ့ လူကြီးမှာ ရွှေငွေ၊ ကျောက်သံပတ္တမြားတွေ တောင်ပုံရာပုံရှိတယ်လို့ ကျွန်တော် ကြားဖူးတယ်" လို့ ကံကောင်းကပြောတော့ ဗိုလ်မိုးသီးက တဟားဟားနဲ့ ရယ်တယ်။

"ဟား...ဟား၊ တစ်နေ့ကျ ဘုရင့်နန်းတော်ကြီးထဲဝင်ပြီး လုကြတာပေါ့ သားရယ်။ ခုတော့ အချိန်မတန်သေးဘူး"လို့ ဗိုလ်မိုးသီးက ကံကောင်းကို ကျောသပ်၊ ရင်သပ်နဲ့ ချော့လိုက်တယ်။ ကံကောင်းလည်း ဗိုလ်မိုးသီးစကားကို ယုံကြည်ပြီး ကျေနပ်သွားတယ်။

ဘုရင့်ရဲမက်တွေက ဗိုလ်မိုးသီးတို့အဖွဲ့ကို မနှိမ်နင်းနိုင်သေးတော့ ဗိုလ်မိုးသီးတို့ကလည်း မကြာခဏ တောထဲကနေ ထွက်လာကြပြီး လုယက် တိုက်ခိုက်နေကြတာပဲ။ ကံကောင်းလည်း ဓားပြတိုက်တဲ့ အတွေ့အကြုံ များလာပြီး အင်မတန်ရက်စက်တဲ့ ဓားပြလူရိုင်းကလေးဘဝကို ရောက်လာရပြီပေါ့။

တစ်ညမှာတော့ ဗိုလ်မိုးသီးတို့ သားအဖခေါင်းဆောင်တဲ့ တောပုန်းမြင်းစီးဓားပြအဖွဲ့ဟာ 'ရေကြည်အိုင်'ဆိုတဲ့ ရွာတစ်ရွာကို ဓားပြဝင်တိုက်ကြတယ်။ ရေကြည်အိုင် ရွာသားတွေဟာ လူညံ့တွေ မဟုတ်ကြဘူး။ သတိဝီရိယရှိကြပြီး တက်ညီလက်ညီနဲ့ သတ္တိလည်း ကောင်းကြတယ်။ သူတို့က ကျေးရွာကာကွယ်ရေးအတွက် ဓားသိုင်း၊ တုတ်သိုင်းတတ်တဲ့ လူငယ်လူရွယ်တွေ စုပြီး သူခိုးဓားပြရန်ကို တွန်းလှန်ဖို့ 'ရဲဇာနည်'ဆိုတဲ့ အဖွဲ့ ဖွဲ့ထားကြတာ။ ဗိုလ်မိုးသီးတို့အဖွဲ့ ရွာထဲဝင်လာတာကို အသာကလေး ကြည့်နေကြပြီး ဓားပြတွေ ရွာထဲ ရောက်တော့မှ ရွာကထွက်ပေါက်မှန်သမျှကို ပိတ်ဆို့ပြီး ရဲဇာနည် အဖွဲ့ဝင်တွေက ရွာကို ဝိုင်းထားလိုက်ကြတယ်။ ကျန်တဲ့ ရဲဇာနည် တွေက ရွာထဲမှာရောက်နေတဲ့ ဓားပြတွေကို အလစ်မှာ ဝင်ရောက် ထိုးခုတ်ကြတာပေါ့။

အဲဒီအချိန်မှာ ကံကောင်းဟာ သူဌေးကြီး ဦးစိုးစံရဲ့ အိမ်ထဲမှာ သူတစ်ယောက်တည်းဝင်ပြီး ဓားပြတိုက်နေတယ်။သူဌေးကြီးဦးစိုးစံက "ပစ္စည်းကို ကြိုက်သလောက်ယူပါ၊ လူကိုတော့ ချမ်းသာပေးပါ၊ အသားနာအောင် မလုပ်ပါနဲ့"ဆိုပြီး အသနားခံရှာတယ်။ ကံကောင်း ကို ရတနာသေတ္တာကြီး ဖွင့်ပေးတယ်။

ကံကောင်းဟာ လောဘဇောကပ်ပြီး ရွှေငွေလက်ဝတ်လက်စား တွေကို သူ့အိတ်ထဲ ကျုံးထည့်နေတုန်း အခွင့်ကောင်းကို ပုန်းပြီး ချောင်းနေတဲ့ သူဌေးကြီးရဲ့သမီးပျို မပန်းဝါက ကံကောင်းရဲ့ ခေါင်းကို ကြွေပန်းအိုးနဲ့ နောက်ကနေ တအားထုချလိုက်တယ်။ တစ်ချက် တည်းနဲ့ ကံကောင်း ခေါင်းကွဲပြီး သတိလစ်သွားပါလေရော။

အဲဒီအချိန်မှာပဲ ရဲဇာနည်လူငယ်တွေရဲ့ ဓားသိုင်း၊ တုတ်သိုင်း ဒဏ်ကို မခံနိုင်ကြတော့ဘဲ ဗိုလ်မိုးသီးတို့ ဓားပြအဖွဲ့ ရွာထဲကနေ သေပြေးရှင်ပြေး ထွက်ပြေးကြရတယ်။ ရွာပြင်ထွက်မယ်လည်း လုပ်

mgyoe.com

mgyoe.com

ရော… ရွာကိုဝိုင်းထားတဲ့ ရဲဇာနည်အဖွဲ့နဲ့တွေ့ပြီး ဗိုလ်မိုးသီးတို့ လူစု သူသေ၊ ကိုယ်သေ တိုက်ခိုက်ကြရပြန်တယ်။ နောက်ဆုံးတော့ ဗိုလ်မိုးသီးနဲ့ သူ့ရဲ့ လက်ရွေးစင်တပည့် သုံးလေးယောက်ပဲ ရဲဇာနည်တွေ လက်က လွတ်မြောက်ခွင့် ရကြလေရဲ့။ ကျန်တဲ့ ဓားပြတွေကတော့ ရဲဇာနည်တွေရဲ့ လက်ချက်နဲ့ အတုံးအရုံးပေါ့။

ကံကောင်းကတော့ သူဌေးကြီး ဦးစိုးစံ အိမ်ထဲမှာ ဒဏ်ရာနဲ့ သတိလစ်နေတုန်းပဲ။ အလွန်စိတ်ကောင်းနှလုံးကောင်းရှိတဲ့ သူဌေးကြီး ဦးစိုးစံဟာ ကံကောင်းကို မြင်မြင်ချင်း လူဆိုးဓားပြလို့ သဘော မထားဘဲ လူလူချင်း စာနာထောက်ထားတဲ့စိတ်နဲ့ ကောင်းမွန်စွာ ဆက်ဆံပြောဆိုခဲ့ပါတယ်။ အခုလို သူ့သမီးလက်ချက်နဲ့ ဓားပြ ကလေး ခေါင်းကွဲပြီး မေ့လဲနေတာတွေ့ရတော့ သူဌေးကြီး စိတ် မကောင်းပြန်ဘူး။ ဓားပြလေး မသေပါစေနဲ့လို့တောင် သူ ဆုတောင်း မိလေရဲ့။ မိခင် မရှိတော့တဲ့ မိတဆိုးသမီးကလေး မပန်းဝါကိုလည်း ဓားပြကလေးကို အခန်းထဲမှာ ဗှက်ထားပြီး ဆေးကုပေးဖို့ ပြောတယ်။

"လူဆိုတာ မွေးကတည်းက လူဆိုးမဟုတ်သလို လူကောင်း လည်း မဟုတ်ဘူး။ ကြီးပြင်းလာတော့မှ အနီးစပ်ဆုံး ပတ်ဝန်းကျင် ကြောင့် လူကောင်း၊ လူဆိုးဆိုပြီး ကွဲပြားသွားတာ။ ပတ်ဝန်းကျင် ကောင်းရင် လူကောင်းဖြစ်မယ်။ ပတ်ဝန်းကျင်ဆိုးရင် လူဆိုးဖြစ်မယ်။ ဒီဓားပြကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ လူဆိုးဖြစ်နေတာဟာ သူ့မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်း ပတ်ဝန်းကျင်ကြောင့်ပါ သမီးရယ်"လို့ ဦးစိုးစံ က မပန်းဝါကို ပြောပြခဲ့ပါတယ်။

မပန်းဝါကလည်း ကိုယ့်မိသားစုအတွက်သာ ခုခံ ကာကွယ် လိုက်ရတာ။ လူတစ်ယောက် ဒဏ်ရာအနာတရနဲ့ မေ့မြောသွားအောင် လုပ်လိုက်မိတာကို စိတ်မကောင်း ဖြစ်နေရှာတယ်။ ဓားပြကလေး သတိပြန်ရအောင် တတ်သမျှ၊ မှတ်သမျှ ပြုစုနေတယ်။ သူ့ဒဏ်ရာ

ပျောက်ကင်းတဲ့အထိ အိမ်ထဲမှာ ဝှက်ထားပြီး ဆေးဝါးကုသပေးမယ်လို့ သားအဖ တိုင်ပင်မိကြတယ်။

နောက်တစ်နေ့ နံနက်မိုးလင်းချိန်မှာ ကံကောင်း သတိပြန်ရလာတယ်။ သူ့ မျက်လုံးတွေ ဖွင့်လိုက်တာနဲ့ မပန်းဝါတို့ သားအဖကို တွေ့ရတယ်။ သူ ဘယ်ရောက်နေမှန်း မသိဘူး။ သူ ဘာဖြစ်ခဲ့မှန်းလည်း လုံးဝမသိတော့ဘဲ အရာရာဟာ သူ့အတွက် အိပ်မက်လို ဖြစ်နေတော့တယ်။

"မင်းနာမည် ဘယ်သူလဲ"လို့ သူဌေးကြီး ဦးစိုးစံက မေးတော့ ကံကောင်းဟာ သူ့အမည် သူမသိတော့ဘဲ ကြောင်တောင်တောင် ဖြစ်နေပါရော။ ခေါင်းက ဒဏ်ရာကြောင့် ဦးနှောက်ကိုထိပြီး သူ့ အတိတ်ကိုမေ့တဲ့ရောဂါ ရသွားပြီလေ။ သူဟာ ဒဏ်ရာမရခင်က အချိန်ကာလအားလုံးကို မေ့နေပြီ။ သူ့နာမည်တောင် သူ မသိတော့ဘူးလေ။

"မသိဘူး"လို့ ကံကောင်းက ဖြေလိုက်တယ်။

"နင် ဘယ်မှာနေတာလဲ"လို့ မပန်းဝါက မေးတဲ့အခါ ကံကောင်းက "ငါ မသိဘူး"လို့ ပြောပြန်တယ်။ ကံကောင်းမှာ မှတ်ဉာဏ်တွေ ပျောက်ကွယ်သွားတာကို ဦးစိုးစံက တမင်သက်သက် ကံကောင်း ဟန်ဆောင်မာယာများနေတာလို့ ထင်တယ်။

"မင်းဟာ မနေ့ညက ငါတို့ရွာကို ဝင်လုတဲ့ ဓားပြအုပ်စုထဲက ဓားပြတစ်ယောက်ပဲ။ ငါတို့ရွာက ရဲဇာနည်တွေ ဝိုင်းတိုက်ကြတာနဲ့ ဓားပြတွေ သေတဲ့သူသေ၊ ထွက်ပြေးတဲ့လူလည်း ထွက်ပြေးကုန်ပြီ၊ လွတ်သွားတဲ့ ဓားပြတွေထဲမှာ ခေါင်းဆောင် ဗိုလ်မိုးသီးလည်း ပါသွားတယ်"လို့ ဦးစိုးစံက ပြောပေမယ့် ကံကောင်းဟာ သူ့မွေးစား အဖေ ဗိုလ်မိုးသီးကိုတောင် မသိတော့ဘူး။

mgyoe.com

"အဲဒါတွေ ကျွန်တော် မသိဘူး။ ဓားပြဆိုတာ ဘာလဲ။ ဗိုလ်မိုးသီး ဆိုတာကကော ဘယ်သူလဲ"လို့ ကံကောင်းက ရိုးသားအပြစ်ကင်းတဲ့ အမူအရာနဲ့ မေးရှာတယ်။ မပန်းဝါတို့ သားအဖ မေးကြတဲ့ မေးခွန်းတွေကို ကံကောင်းဟာ မှန်မှန်ကန်ကန် မဖြေနိုင်တော့ဘဲ စမ်းတဝါးဝါးနဲ့ ကြောင်တောင်တောင်ဖြစ်နေပြီလေ။ ဒီတော့မှ စာပေတတ်မြောက်ပြီး ဗဟုသုတ ကြွယ်ဝကြတဲ့ မပန်းဝါတို့ သားအဖဟာ ကံကောင်းတစ်ယောက် အတိတ်ကာလကို မေ့တဲ့ရောဂါ ရသွားရှာပြီလို့ သိလိုက်ကြတယ်။ တစ်ချိန်က ရိုင်းစိုင်းကြမ်းတမ်းတဲ့ ဓားပြတစ်ယောက် ဖြစ်ခဲ့ပေမယ့် အခုအခါမှာတော့ လူဆိုးကလေးဟာ သနားစရာ အတိတ်မေ့ ရောဂါရှင်ကလေး ဖြစ်နေပြီမို့ သူ့ဘဝကို ကောင်းမွန်သာယာလာအောင် သူတို့သားအဖ ကူညီပြုပြင်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

သူဌေးကြီးဟာ အဆောင်တွေ၊ အခန်းတွေ အများကြီးရှိတဲ့ သူ့ အိမ်ကြီးထဲမှာ ကံကောင်းကို ဝှက်ထားရင်း ဆေးကုပေးတယ်။ သူ့အိမ်က အစေခံအိမ်ဖော်တွေကိုလည်း ကံကောင်းအကြောင်း ရွာထဲမှာ လုံးဝမပြောဖို့ တင်းကျပ်စွာ တားမြစ်လိုက်တယ်။ ကံကောင်းကိုလည်း သူ့ရဲ့ မွေးစားသားအဖြစ်သတ်မှတ်ပြီး လိမ္မာယဉ်ကျေးအောင် ချိုချိုသာသာ သွန်သင်ဆုံးမတယ်။ မပန်းဝါက ကံကောင်းကို စာရေး၊ စာဖတ် တတ်အောင် ဂရုတစိုက် သင်ကြားပေးတယ်။ ပြီးတော့ ကံကောင်းကို 'မောင်လူသစ်'လို့ နာမည်မှည့်လိုက်တယ်။

လူသစ်ဟာ ဒဏ်ရာပျောက်ကင်းသွားပြီးတဲ့နောက် သူဌေးကြီးအိမ်မှာ တစ်စတစ်စနဲ့ ပျော်ရွှင်လာမိတယ်။ လူရိုင်းဓလေ့ပျောက်ပြီး အပြောအဆို၊ အနေအထိုင် လူယဉ်ကျေး ဆန်လာတယ်။

ဒီလိုနဲ့ အခုဆိုရင် 'လူသစ်'ဘဝ ရောက်လာခဲ့တဲ့ ကံကောင်းဟာ မကောင်းမှုနဲ့၊ကောင်းမှုကို ခွဲခြားသိရှိပြီး မကောင်းမှုကို မုန်းတီး

myanmar.com

တတ်လာပြီ။ ကောင်းမှုကို ချစ်မြတ်နိုးတတ်ပြီ။ ပြီးတော့ ယဉ်ကျေးတာကိုကြိုက်ပြီး ရိုင်းစိုင်းတာကို ရွံမုန်းတတ်လာပြီ။ သူ့ရဲ့ အဓိက ယုံကြည်ချက်ကတော့ မတရားမှုကို တိုက်ဖျက်ပြီး တရားမျှတမှုကို လူအများကြားမှာ တည်ဆောက်ထူထောင်ဖို့ပဲ။

လူသစ်ဟာ ယဉ်ကျေးလိမ္မာတဲ့၊ ရဲရင့်တည်ကြည်တဲ့ လူငယ် တစ်ယောက် ဖြစ်လာပြီဆိုတော့မှ သူ့ဘွေးကြီးက ရွာသူ၊ ရွာသား တွေနဲ့ မိတ်ဖွဲ့ပေးတယ်။ "သူဟာ ရပ်ဝေးက အလည်အပတ်လာတဲ့ ကျုပ်ရဲ့ တူဝမ်းကွဲ မောင်လူသစ်ပါ"လို့ အားလုံးကို ကြေညာအသိ ပေးလိုက်တယ်။ ပြီးတော့ လူသစ်ကို ရွာက ရဲဇာနည်ကာကွယ်ရေး အဖွဲ့ထဲ ပါဝင်စေတယ်။ မျက်နှာထားချိုသာပြီး စကားပြော ဖော်ရွေ ယဉ်ကျေးတဲ့ လူသစ်ကို ရွာသူ၊ ရွာသားအားလုံးက ချစ်ခင်လေးစား လာကြတယ်။ ဦးစိုးစံတို့ သားအဖနဲ့ လူယုံတော်အစေခံ သုံးလေး ဦးက လွဲလို့ လူသစ်ဟာ ဗိုလ်မိုးသီးဓားပြအဖွဲ့က ဓားပြဟောင်း ကံကောင်း ဖြစ်တဲ့အကြောင်း တစ်ရွာလုံးရော၊ ပတ်ဝန်းကျင်ရွာ တွေကပါ လုံးဝ မသိကြဘူး။ လူသစ်ကိုယ်တိုင်တောင်မှ သူဟာ ဓားပြဗိုလ်ရဲ့မွေးစားသား ဓားပြပေါက်စကလေး ကံကောင်းဖြစ်ခဲ့တယ် ဆိုတာကို မှတ်မှ မမှတ်မိတော့ဘဲကိုး။

ကံကောင်းဟာ လူသစ်အဖြစ်နဲ့ ရေကြည်အိုင်ရွာကလေးမှာ တစ်နှစ်ကျော်ကျော်ကြာအောင် နေထိုင်မိတဲ့အချိန်၊ ရေကြည်အိုင် ရွာကလေးမှာ ကြည်နူးပျော်ရွှင်နေတဲ့အချိန် တစ်နေ့မှာတော့ သတင်း ဆိုးကြီးတစ်ခု ကြားရတယ်။ မကြာခင် လူအင်အားကြီးမားတဲ့ လူဆိုး ဓားပြအဖွဲ့ကြီးတစ်ဖွဲ့က ရေကြည်အိုင်ရွာကို စီးနင်းတိုက်ခိုက် လုယက် သတ်ဖြတ်ကြတော့မယ်ဆိုတဲ့ သတင်းဆိုးကြီးပေါ့။

အမှန်တော့ ရေကြည်အိုင်ရွာကနေ အရှုံးနဲ့ အသက်လုပြီး ထွက် ပြေးခဲ့ရတဲ့ ဗိုလ်မိုးသီးဟာ ရေကြည်အိုင်ရွာကို စိတ်အနာကြီး နာသွား

mgyoe.com

m.yoe.com

တယ်။ ရေကြည်အိုင်က ရဲဇာနည်တွေကြောင့် သူ့တပည့်တွေ အများ ကြီး သေကျေခဲ့ရတယ်။ သူ့အချစ်ဆုံးသား ကံကောင်းလည်း ရေကြည် အိုင်ရွာမှာ သေမှန်းရှင်မှန်းမသိ ကျန်ရစ်ဆုံးရှုံးခဲ့ရတယ်။ "ရေကြည် အိုင် တစ်ရွာလုံးကို မီးလောင်တိုက် သွင်းမယ်"လို့ ဗိုလ်မိုးသီးက စိတ်ဆုံးဖြတ်ထားတယ်။ ဒါကြောင့် မြစိမ်းတောင်ခြေမှာ ပုန်းခိုနေ ထိုင်ရင်း အင်အားစုနေခဲ့တာ အခုဆိုရင် ဗိုလ်မိုးသီးရဲ့ နောက်လိုက် တွေ တော်တော်များလာခဲ့ပြီ။ အရင်တစ်ကြိမ် ရေကြည်အိုင်ရွာကို ဝင်တိုက်ခဲ့တုန်းကထက် အင်အားနှစ်ဆလောက် ကြီးထွားလာပြီပေါ့။ ဒါပေမယ့် ဗိုလ်မိုးသီး မသိတာကတော့ ရဲဇာနည်အင်အားကလည်း ပိုမိုတောင့်တင်းလာခဲ့တဲ့အပြင် သူ့မွေးစားသား ကံကောင်းကိုယ်တိုင် ရဲဇာနည်အဖွဲ့ထဲမှာ အရေးပါတဲ့ ခေါင်းဆောင်ငယ်တစ်ယောက်ဖြစ် နေပြီ ဆိုတဲ့အချက်ပဲ။

လူသစ်ကလည်း မကြာခင် သူ ရင်ဆိုင်ရမယ့် ဓားပြအုပ်စုကြီး ဟာ သူ့ဘဝကိုစခဲ့တဲ့ အသိုင်းအဝိုင်း ဖြစ်ခဲ့တဲ့အကြောင်းနဲ့ ခေါင်း ဆောင် ဗိုလ်မိုးသီးဟာ သူ့ရဲ့မွေးစားဖခင် ဖြစ်တဲ့အကြောင်းကို လုံးဝ သိမထားဘူး။ သူဟာ လူသစ်ဆိုတဲ့ အမည်နဲ့လိုက်အောင် မှန်ကန် ဖြောင့်မတ်တဲ့ စိတ်ထားအသစ်နဲ့ ဘဝသစ်မှာ နေသားကျသွားပြီ။ မကောင်းမှု၊ မတရားမှု၊ အနိုင်ကျင့်နှိပ်စက်မှုတွေကို သူက သူ့ရဲ့ဓား၊ သူ့ရဲ့ လေးမြားတို့နဲ့ ပြတ်ပြတ်သားသား၊ ရဲရဲရင့်ရင့် ဖြိုခွင်းတော့မှာ ဖြစ်တယ်။ ရေကြည်အိုင်ရွာကို ထိပါးသူမှန်သမျှဟာ သူ့ရဲ့ အဓိက ရန်သူပဲလို့ သူက သတ်မှတ်ထားတာ။ သူဟာ အတိတ်မေ့ခဲ့ပေမယ့် ငယ်စဉ်ကတည်းက ကျွမ်းကျင်ခဲ့တဲ့ မြားပစ်ပညာ၊ ဓားခုတ်ပညာတွေ ကိုတော့ မမေ့သေးဘဲ တိုက်ရည်ခိုက်ရည် ပြည့်ဝတုန်းပဲ။

မကြာခင်မှာပဲ ဗိုလ်မိုးသီးဦးဆောင်တဲ့ လူဆိုးဓားပြ မြင်းစီး သမား အုပ်စုကြီးဟာ ဓားရောင်၊ လှံရောင် တဖွေးဖွေးနဲ့ ညသည်

m.yoe.com

mgyoe.com

ပေးပြီး ရေကြည်အိုင်ရွာကလေးဆီကို ဆိုက်ရောက်လာကြတယ်။ ရေကြည်အိုင်ရွာကလေးဟာ အရင်ကလို အလွယ်တကူ ဝင်ရောက်လို့ရတဲ့ နေရာမျိုး မဟုတ်တော့ဘူး။ လူသစ်တို့ ရဲဇာနည်တွေက ရွာကို ပတ်ဝိုင်းပြီး အုတ်တံတိုင်းကြီး ကာရံထားလိုက်ကြပြီကိုး။ အုတ်တံတိုင်းကို မြင်လိုက်တော့ ဖိုလ်မိုးသီးဟာ အံကြိတ်၊ လက်သီးဆုပ်လို့ ဒေါသအကြီးအကျယ် ထွက်သွားတာပေါ့။

"ဟိတ်... ရေကြည်အိုင်သား လူကြောက် လူညံ့တွေ။ မင်းတို့ အုတ်တံတိုင်းနောက်မှာ ပုန်းနေလို့ လွတ်မယ်ထင်သလား။ သတ္တိရှိတယ်ဆိုရင် ရွာတံခါးဖွင့်ပြီး ငါတို့ကို ထွက်တိုက်ပါလား"လို့ ဖိုလ်မိုးသီးက ရဲဇာနည်တွေ မခံချိမခံသာဖြစ်အောင် အော်ပြောတယ်။

"ဟေး... ဒုစရိုက် ငရဲကောင်တွေ၊ အမြန်ဆုံး ပြန်ထွက်သွားကြ၊ မဟုတ်ရင်တော့ ငါတို့က မြားမိုးရွာချလိုက်မယ်"လို့ ရဲဇာနည်ခေါင်းဆောင်ကလည်း အသံမာမာနဲ့ ပြန်အော်လိုက်တယ်။

စိတ်တိုတတ်တဲ့ ဖိုလ်မိုးသီးဟာ သူ့ကို စိန်ခေါ်ရင် ပိုပြီးစိတ်တိုတတ်တယ်။ ပြီးတော့ သူဟာ ရေကြည်အိုင်ရွာကို အမုန်းကြီးမုန်း၊ အနာကြီးနာနေတဲ့လူ ဖြစ်တယ်။ ရေကြည်အိုင်ရွာသားက သူ့စိတ်ကို ဆွတာကို နည်းနည်းကလေးတောင် မခံနိုင်ဘူး။ အဲဒါနဲ့ ဖိုလ်မိုးသီးဟာ ဓားရှည်ကြီးကိုမြှောက်၊မြင်းကိုမောင်းပြီး အုတ်တံတိုင်း ရှေ့ကို တိုးကပ်သွားတယ်။ သူ့မျက်နှာကြီးက ကြောက်စရာကောင်းအောင် တင်းမာ ခက်ထန်နေပြီး သူ့လက်ထဲက ဓားကြီးက နေရောင်မှာ ဝင်းနေတယ်။

"ဟိတ်... သွေးကြောင်တဲ့ လူကြောက်တွေ။ အုတ်တံတိုင်းနောက်ကနေ အော်မနေနဲ့။ သတ္တိရှိရင် အပြင်ကို ထွက်ခဲ့ကြ"လို့ ဖိုလ်မိုးသီးက လှမ်းအော်တယ်။

mgyoe.com

ဗိုလ်မိုးသီးရဲ့ စိန်ခေါ်ခြိမ်းခြောက်သံကို ကြားလိုက်ရတဲ့ လူသစ်ဟာ ရုတ်တရက် ကြက်သီးမွေးညင်း ထသွားတယ်။ သူ့စိတ်ထဲမှာ ဘဝဟောင်းက ရန်သူတော်ရဲ့အသံပဲလို့ ထင်လိုက်မိတယ်။ တကယ်တော့ ဗိုလ်မိုးသီးဟာ သူ့ရဲ့အပြစ်ကင်းစင်တဲ့ ဘဝကလေးကို ကယ်တင်ခဲ့သလိုလိုနဲ့ ရက်စက်ကြမ်းကြုတ်ပြီး မကောင်းမှုမှာ ပျော်မွေ့တဲ့ လူမိုက်၊ လူရိုင်းဘဝရောက်အောင် ဖန်တီးခဲ့တာ မဟုတ်လား။

လူသစ်ဟာ ဓားကိုမြှောက်ပြီး အုတ်တံတိုင်းပေါ် လွှားခနဲခုန်တက်လိုက်တယ်။ သူ့ စိတ်ကူးက ဓားပြခေါင်းဆောင်ကို စိန်ခေါ်ပြီး ဓားချင်းယှဉ်ခုတ်ဖို့ပဲ။ အုတ်တံတိုင်းပေါ် ရောက်လာတဲ့ လူသစ်ကို ကြည့်ပြီး ဗိုလ်မိုးသီး အံ့အားသင့်သွားတယ်။ သူ အင်မတန်ချစ်ခဲ့ရပြီး သေပြီလို့ သူ ထင်ထားခဲ့တဲ့ သားကလေး ကံကောင်း ဖြစ်နေတာကိုး။ လူသစ်ကတော့ ဗိုလ်မိုးသီးဟာ သူ့မွေးစားအဖေမှန်း လုံးဝ မသိနိုင်ခဲ့ဘူး။

"သား... လူကလေး ကံကောင်း"လို့ ဗိုလ်မိုးသီးက မြှောက်ထားတဲ့ဓားကို အောက်စိုက်ချပြီး ဝမ်းသာအားရ အော်ခေါ်လိုက်တယ်။ အဲဒီအချိန်မှာ ဗိုလ်မိုးသီးရဲ့ ညာလက်ရုံး သံခဲကြီးက လူသစ်ကို ကြည့်ရာက စိတ်မထိန်းနိုင်တော့ဘဲ "သစ္စာဖောက် လောက်ကောင်"လို့ အော်ရင်း မြားနဲ့ပစ်ထည့်လိုက်တာ လူသစ်ရဲ့ နှလုံးသားတည့်တည့်ကို စိုက်ဝင်သွားရာက လူသစ်ဟာ အုတ်တံတိုင်းပေါ်ကနေ လိမ့်ကျသွားတော့တယ်။

ဗိုလ်မိုးသီးဟာ သူချစ်ရတဲ့သား ကံကောင်း မြားမှန်တာကို လည်း တွေ့ရရော "ခွေးတိရစ္ဆာန်"လို့ အသံနက်ကြီးနဲ့ အော်ပြီး သူ့တပည့်ကျော် သံခဲကြီးကို ဓားနဲ့ တစ်ချက်တည်း ခုတ်သတ်လိုက်ပါရော။ ချက်ချင်းဆိုသလို ရဲဇာနည်တွေ ပစ်လွှတ်တဲ့ မြားတံတွေက ဗိုလ်မိုးသီးရဲ့ တစ်ကိုယ်လုံးမှာ စုပြုံစိုက်ဝင်သွားကြလေရဲ့။

mgyoe.com


ဖြောင့်မတ်မှန်ကန်ပြီး ရဲရင့် တက်ကြွကြတဲ့ ရဲဇာနည်တွေနဲ့ ဒုစရိုက်ငရဲသားတွေဖြစ်ကြတဲ့ တောပုန်းဓားပြတွေရဲ့ တိုက်ပွဲကြီးဟာ ပြင်းထန်ပေမယ့် အချိန်ဘာမှ မကြာလိုက်ဘူး။ ဓားပြအားလုံး အတုံးအရုန်း အသက်ကုန် ရှုံးနိမ့်သွားကြတယ်။

ရဲဇာနည်တို့ဘက်ကတော့ သူရဲကောင်း တစ်ယောက်သာ ကျဆုံးခဲ့ရပါတယ်။ သူကတော့ အမှောင်ဘဝကနေ အလင်းဘဝကို ရောက်လာခဲ့ပေမယ့် မထင်မှတ်တဲ့ ကံကြမ္မာကြောင့် မြားမှန်ပြီး ရုတ်တရက် အသက်ကို စွန့်လွှတ်သွားရှာတဲ့ လူသစ် (ခေါ်) ကံကောင်းပါပဲ။

ကြူးနှစ်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ကျွန်တော်တို့ တောင်ပေါ်ခရီး

ကျွန်တော်တို့ရွာသည် လက်ပံတန်းမြို့၏ အနောက်တောင်ဘက် သုံးမိုင်ကျော်အကွာလောက်တွင် တည်ရှိပါသည်။ နတ်စင်ကုန်းရွာဟုဆိုလျှင် တစ်နယ်လုံး သိကြပါသည်။ ကျွန်တော့်အဖေသည် လယ်သမားကြီးတစ်ဦးဖြစ်၍ ကျွန်တော့်အမေသည် လယ်သူမ (ကောက်စိုက်သမ) တစ်ဦးဖြစ်ပါသည်။

မိုးတွင်းအခါ လယ်ကိုထွန်ယက်၊ ပျိုးချ စိုက်ပျိုးကြပြီး ဆောင်းအခါတွင် စပါးလည်း မမှည့်သေး၍ လယ်အလုပ် ခေတ္တနားချိန်ဟုဆိုရပါမည်။ ထိုအချိန်တွင် ရွာမှ လယ်သမား၊ ကိုင်းသမားများစု၍ အချို့က အနောက်တော၊ အချို့က တောင်ပေါ်(ပဲခူးရိုးမ)သို့ လှည်းတပ်ဖွဲ့ကာ တက်လေ့ရှိကြပါသည်။ အနောက်တောသို့ကား ထင်းခုတ်ရန် သွားကြ၍ တစ်မနက်ခရီး ဖြစ်ပါသည်။ တောင်ပေါ်ခရီးကား သုံးရက်ခန့်မျှ ကြာတတ်ပါသည်။ ညနေ သုံးနာရီလောက်လှည်းများဖြင့် ထမင်းထုပ်ထည့်၊ ဆန်ထည့်၊ ငါးပိကြော်စသည်ဖြင့်... လိုအပ်ရာ စားမ၊ စားရှည်၊ အုန်းဆံကြိုးစသည်ဖြင့်ထည့်ကာ ရွာမှစထွက်တတ်ကြပါသည်။ တောင်ပေါ်သို့ များသောအားဖြင့် ဝါးခုတ်တက်ကြတာ များပါသည်။

mgyoe.com

ကျွန်တော်တို့တွင် ညီအစ်ကိုမောင်နှမ သုံးဦးရှိပါသည်။ တစ်ဦးနှင့် တစ်ဦး သုံးနှစ်စီခန့် ခြားပါသည်။ ညီမလေးမှာ အငယ်ဆုံးဖြစ်၏။ ကျွန်တော် ရွာမူလတန်းကျောင်းတွင် စတုတ္ထတန်းတက်နေစဉ်က ကျောင်းအားရက်နှင့်ကြုံလျှင် အဖေနှင့် အနောက်တောသို့လိုက်ဖူးပါသည်။ သစ်ပင်များ ယှက်နွယ်၍ အေးချမ်းကာ ပျော်စရာကောင်းလှသည်။ လူကြီးများက ဆောက်ကုလား စသော အပင်များကို ထင်းအဖြစ်ခုတ်ကာ ပုံပုံထားပြီးမှ လိုက်စုကာ ကိုယ်ခုတ်သည့်ထင်း ကိုယ့်လှည်းပေါ် တင်ကြသည်။ ကျွန်တော့်အား အဖေကလှည်းစောင့်ခိုင်းကာ သစ်ရိပ်တွင် နေစေပါသည်။

ကျွန်တော်က တောထဲလိုက်ရတာ ပျော်စရာကောင်းကြောင်း ကျွန်တော့်ညီ ဖိုးအောင်အား ပြောပြရာ သူပါလိုက်ချင်ကြောင်း ပူဆာပါတော့သည်။ ထိုအခါ အဖေသည် ကျွန်တော်တို့ နှစ်ယောက်စလုံးအား တောသို့ ခေါ်မသွားတော့ပါ။ သို့ဖြင့် ကျွန်တော်သည် မနေနိုင်ဖြစ်ကာ အနောက်တောလိုက်ရတာ ပျော်စရာကောင်းကြောင်းကို ရွာကာလသားခေါင်း ကိုကြီးပေတိုးအား ပြောပြမိပါသည်။ ထိုအခါ ကိုကြီးပေတိုးက ကျွန်တော့်အား ပြုံးပြုံးကြည့်ကာ...

"ဟော့... ဖိုးမောင်ရ၊ အနောက်တောက ဘာဟုတ်သေးလဲကွ၊ တောင်ပေါ်ကမှ ပိုပျော်စရာကောင်းတာ။ ကြက်တိန်ညင်လေးတွေဆိုတာ သေးသေးလေးတွေနော်။ ဒါပေမယ့် မောင်၊ ဟိုး... လက်ပံပင်အမြင့်ကြီးပေါ် ပျံတက်နိုင်သကွ၊ တောင်ပေါ်တက်ရင် ငါတော့ လေးခွဆောင်သွားတယ်။ ကြက်သားဟင်း စားရအောင်ပေါ့ကွ။ မင်း ငွေးသီးစားဖူးတယ် မဟုတ်လား။ တောင်ပေါ်မှာ ငွေးပင်တွေ ပေါမှပေါ"

"ငွေးပင်တွေလည်း အမြင့်ကြီးတွေပဲလား ကိုကြီးပေတိုး"

"အေး... အမြင့်ကြီးပေါ့ကွ"

"ဒါဆို တက်ခူးရတာ ဘယ်လွယ်မလဲ နော်"

mgyoe.com

mgyoe.com

"ဟ...ကောင်ရ၊ အပင်ပန်းခံ ဘယ်တက်ရူးတော့မလဲ။ ဝွေးသီးမှည့်တွေ ကြွေကျနေတာ အပင်အောက်မှာ အောတိုက်ပေါ့။ ကောက်လို့တောင် မနိုင်ဘူးမောင်၊ သိပ်ချိုတာကွ၊ ဒီတစ်ခါ တောင်ပေါ်တက်ရင် မင်းဖို့ ငါယူခဲ့မယ်"

"အစိမ်း စားချင်တော့ အပင်ပေါ် တက်ရမှာပေါ့နော်"

"ဟ... ကောင်ရဲ့၊ ဒါလောက်အမြင့်ကြီး ဘယ်တက်တော့မလဲ။ ငါ့လက်စွဲတော် လေးခွပါတယ်လေကွာ။ လေးခွနဲ့ လိုချင်တဲ့ အပြွတ်တွဲ ပစ်ချတာပေါ့"

ကိုကြီးပေတိုးကား လေးခွပစ် လက်တည့်သည်။ သူပစ်ရင် တစ်ချက်ပဲဟု လူကြီးများပြောသံ ကြားဖူး၏။

"ကိုကြီးပေတိုးက သိပ်တော်တာပဲဗျာ။ ကျွန်တော်လည်း တစ်ခါလောက် တောင်ပေါ်လိုက်ချင်တယ်"

"အဲဒါ မင်းအဖေ ကိုလေးတင်ရွှေကို ပူဆာပေါ့ကွ"

"ကျွန်တော်လိုက်ရင် ညီလေးက လိုက်ချင်ဦးမယ်"

"အေး...မင်းတို့က ငယ်သေးတယ်ကွ။ တောင်ပေါ်ခရီးဆိုတာ မမျှော်လင့်ဘဲ ကျားတို့၊ ဆင်တို့လည်း တွေ့နိုင်တယ်။ ပျော်စရာကောင်းသလို အန္တရာယ်လည်း များတယ်ကွ"

ကျွန်တော် ပခုံးတွန့်လိုက်မိသည်။ သို့သော် တောင်ပေါ်ရောက်ချင်စိတ်ကား မပျောက်။ ဤသို့ဖြင့် အဖေ့အား ပူဆာကြည့်သည်။ ခေါင်းယမ်းပြသည်။ နောက်တစ်ဖန် ပူဆာပြန်သည်။ "စာကြိုးစား၊ ခုနစ်တန်းရောက်ရင် ခေါ်မယ်"ဟု ဆိုသည်။

ယခု ကျွန်တော် ခုနစ်တန်းရောက်ပြီ။ ညီလေး မောင်ဖိုးအောင်လည်း ငါးတန်းတက်နေပြီ။ ညီမလေးက နှစ်တန်း၊ ရွာကျောင်းမှာပဲ ရှိသေးသည်။ အဖေ့ကတိကို ကျွန်တော် သတိရလာသည်။ ညီလေးလိုက်မယ်ဆိုလည်း ခေါ်လို့ရလောက်ပြီ။ ထိုအကြံကို ညီလေး

mgyoe.com

mgyoe.com


အား ပြောပြရာ သူ အရမ်းဝမ်းသာနေသည်။ နွေကျောင်းပိတ်ရက် လည်း နီးပြီဖြစ်၍ ထိုရက်ကို အောင့်အည်းစောင့်ရတော့သည်။

* * *

ဤသို့ဖြင့် ကျွန်တော်တို့ မျှော်လင့်ခဲ့ကြသည့် နွေကျောင်းပိတ် ရက်လည်း ရောက်ခဲ့ပြီ။ မနက်ဖြန်ညနေဆိုလျှင် ရွာမှ လှည်း ၁၀စီး တောင်ပေါ်တက်ကြမည်။ ကျွန်တော်တို့ အဖေလည်း ပါမည်။ ထို သတင်းကို ကိုကြီးပေတိုး ပြောပြသဖြင့် ကျွန်တော် သိရသည်။ ကိုကြီးပေတိုးတို့လှည်းလည်း ပါမည်ဆိုသဖြင့် ကျွန်တော် ပိုပျော် သွားသည်။ ညီလေး ဖိုးအောင်ကိုလည်း ထိုသတင်း ပြောပြထားပြီး အမေ့အလုပ်တွေ ခါတိုင်းထက် ပိုလုပ်ဖို့၊ သူက မီးဖိုချောင်ဝိုင်းကူ၊ တောင်ပေါ်တက်လျှင် ထည့်စရာပစ္စည်းများ ဝိုင်းလုပ်ဖို့ ကျွန်တော်က ဆော်ဩထားပြီး ကျွန်တော်က အထက်အိုး၊ အောက်အိုး ရေဖြည့် ခပ်ထည့်သည်။ (အထက်အိုးဆိုသည်မှာ သောက်ရေအိုး၊ ဘုရားပန်း အိုး စသည်များကိုခေါ်၍ အောက်အိုး ဆိုသည်မှာ သုံးရေ၊ ချိုးရေ၊ နွားသောက်ဖို့ရေ စသည်ဖြင့်) ရာဝင်စဥ့်အိုး၊ နွားသောက်ရေစည် ကျွန်တော် အပြည့်ထမ်းထည့်သည်။ ကျွန်တော်တို့ ကွက်သစ်အိမ်မှ တစ်ခေါ်သာသာလောက် လယ်ကွင်းထဲတွင် 'ဘိုကြီးအိုင်'ဟု ခေါ် သည့် ရေးရေတွင်းကြီး တစ်ခုရှိသည်။ ထိုတွင်းသို့ ကျွန်တော် မောရမှန်းမသိ သံပုံးနှစ်ပုံးနှင့် သွားထမ်းသည်။

ကျွန်တော် ရေအိုးများဖြည့်၍ ခေတ္တနားနေသည့်အခါ "အမေ့ သားတွေ အလုပ် တယ်လုပ်နေပါလား"ဟု ညီမက အမေ့ထံ လေပင့် သည်။

"အေးဟဲ့... အငယ်ကောင်ကော၊ အကြီးကောင်ပါ ဒီနေ့ တယ် ထူးနေပါလား"

mgyoe.com

mgyoe.com

အမေ ပြောရှုံမှမဆုံးသေး။ ညီလေး ဖိုးအောင်က အမေ့ဇက်ကြောကို တံတောင်နှင့် ကြိတ်ပေးသည်။ ခါတိုင်း အမေ အကြောတက်၍ ဖိုးအောင်ကိုခိုင်းလျှင် လေးငါးခါ ပြောယူရသည်။ ယခုမူ မပြောရဘဲ သူ့အသိနှင့်သူ နှိပ်ပေးနေသည်။ ညီမလေးက သနပ်ခါး သွေးနေသည်။

"ညီမလေး ပေါက်ပေါက်၊ လက်ညှောင်းရင်ထားလိုက်၊ အမေ့ဖို့ အစ်ကိုလေး သွေးပေးလိုက်မယ်"

ညီမက အခိပ္ပာယ်ပါပါ အမေ့ကို ကြည့်၏။ အမေကတော့ ပြုံးနေသည်။

"ဒီကောင်တွေ ဘာပူဆာချင်လို့လဲ"ဟု အမေ တွေးနေမည်။ သိပ်မကြာပါ။ ညီလေးက အမေ့အနား ပွတ်သီးပွတ်သပ် ကပ်လျက် "အမေ နက်ဖြန်ညနေ အဖေ တောင်ပေါ် တက်မယ်ဆို"

"နင့် ဘယ်သူပြောလဲ"

"သိပါတယ် အမေရာ၊ တစ်ရွာလုံး သိနေတာပဲ။ ကိုဖိုးကျော်ဝ ပြောတာ။ သူလည်း သူ့အဖေနဲ့ တောင်ပေါ်လိုက်မလို့တဲ့။ အဲဒါ ကျွန်တော်တို့ ညီအစ်ကိုလည်း လိုက်ချင်တယ် အမေရာ။ အဖေ့ကို ပြောပေးနော်... နော် အမေ"

ညီလေးစကား ပြတ်သည်နှင့် ကျွန်တော်လည်း အမေ့နား သွားကာ ထပ်ပူဆာမိသည်။

"ဟုတ်တယ် အမေ၊ ကျွန်တော်လည်း ကိုကြီးပေတိုး ပြောတာ၊ အဖေ့ ပြောပေးပါ အမေရာ၊ နော်... အမေ... နော်"

"ဟင်း...ခုမှပေါ်ပြီ။ ခါတိုင်း သုံးလေးခါ ခိုင်းရတဲ့ကောင်တွေ၊ ဒီနေ့ ထူးပါတယ်လို့ ငါ ထင်သား။ နင်တို့အဖေ ခေါ်ရင်လိုက်၊ မခေါ်ရင် မလိုက်နဲ့"

"အမေ... သမီးလည်း လိုက်ချင်တယ်"

mgyoe.com

"ဟဲ့… မိန်းကလေးက မိန်းကလေးလိုနေ၊ အားလုံး စာလုပ်ပြီး ကြပလား"

"ပြီးပြီ အမေ"

ကျွန်တော်တို့ တစ်ယောက်တစ်ပေါက် အမေ့အား ဝိုင်းပြော နေကြစဉ် အဖေ ရွာထဲမှ ပြန်လာသည်။

"အံမယ်၊ သားအမိတွေ ဘာများ ဝိုင်းဖွဲ့ဆွေးနွေးနေပါလိမ့်"

"အဲဒီမှာ ရှင့် သားတွေက တောင်ပေါ် လိုက်ချင်လို့တဲ့"

"အေး… ပေတိုးကလည်း ဖိုးမောင် ခေါ်ခဲ့ပါလို့ ပြောတယ်။ ကိုလေး ဖိုးရွှေသား ဖိုးကျော်ဝလည်း ပါမယ်… တဲ့"

ခါတိုင်းလို အဖေက မငြင်းသဖြင့် ကျွန်တော် ဝမ်းသာရမလို ရှိသည်။ ယတိပြတ်တော့ ခေါ်မယ်မပြောသေး။ နောက်… ညီလေး နာမည်လည်းမပါ။ ညီလေးကတော့ မျက်နှာငယ်နှင့်အမေ့တစ်လှည့်၊ ကျွန်တော့် တစ်လှည့် ကြည့်နေသည်။ ကျွန်တော်က အမေ့ စစ်ကူ တောင်းသည့် မျက်လုံးနှင့် ကြည့်လိုက်သည်။

"ခေါ်ချင်လည်း ခေါ်သွားပေါ့တော်။ သူတို့လည်း ကျောင်းပိတ် ရက် ဗဟုသုတ ရတာပေါ့"

"ဖေဖေပဲ ခုနစ်တန်းရောက်ရင် ခေါ်မယ်ဆို။ ညီလေးလည်း လိုက်ပါစေ ဖေဖေရာ။ ဖိုးကျော်ဝတို့လည်း ပါမယ်ဆိုတော့ အဖော် ရတာပေါ့"

"အေး… တို့က အလုပ်လုပ်ဖို့သွားတာ။ မင်းတို့က အပျော် လိုက်မယ်ပေါ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ကိုလေးတင်ရွှေရာ။ ကျောင်းပိတ် ရက်မို့ တစ်ခါတလေ ရောက်ဖူးအောင် ခေါ်ခဲ့ပါ။ သူတို့ ဘဝအတွေ့ အကြုံပေါ့။ နို့မဟုတ်ရင် ဒီကောင်တွေ ဘယ်မှ ရောက်ဖူးပေါက်ဖူးမှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com


ဘယ်အချိန် ရောက်လာမှန်းမသိ ကိုကြီးပေတိုးက ဝင်ပြော သည်။ သို့ဖြင့် အမေကပြော၊ ကိုကြီးပေတိုးက ပြောနှင့် ကျွန်တော်တို့ ညီအစ်ကို တောင်ပေါ်လိုက်ခွင့်ရခဲ့သည်။ လပတ်စာမေးပွဲ အစဉ် အမှတ်ကောင်းရမည်။ တစ်မှ တစ်ဆယ်အတွင်း အဆင့်ဝင်စေရမည် ဟု ကျွန်တော်တို့ဘက်က ကတိပေးလိုက်ရ၏။

ညီမလေးကတော့ ရှုံ့မဲ့မဲ့။ အမေနဲ့ ညီမလေးဖို့ ငွေးသီး၊ တညင်း သီး ယူခဲ့မည်ဟုပြောမှ ညီမလေးမျက်နှာ ပြန်ကြည်လာ၏။ ထိုညက ကျွန်တော် အိပ်မပျော်။

* * *

ဤသို့ဖြင့် ပြာသိုလဆန်းရက်တွင်ပင် ကျွန်တော်တို့ရွာမှ လှည်း ၁၀ စီး တောင်ပေါ်ခရီး စဖြစ်ခဲ့သည်။ ထိုညနေကား နွားခြုံသံ၊ ခေါ်သံ၊ အော်သံတို့ဖြင့် ဆူညံ မြိုင်ဆိုင်နေ၏။ အဖေက ပုဆိုးဟောင်း တစ်ထည် ခေါင်းပေါင်း၍ ကျွန်တော်တို့ ညီအစ်ကို ဦးထုပ်တစ်လုံးစီ ဆောင်းကာ လိုက်ပါခဲ့သည်။ ရှေ့ဆုံးက ကိုမှော်ရုံ့လှည်း၊ နောက်က ဦးကြီးဖိုးရွှေ၊ သူ့နောက်က ကိုပေတိုးလှည်း၊ သူ့နောက်က ကျွန်တော် တို့လှည်း၊ ကျွန်တော်တို့ နောက်က ကိုသန်းကြည်၊ ကိုပေါ်ရင်၊ ကိုတင်အေး… စသည်ဖြင့် လှည်းတန်းကြီး ထွက်ခဲ့ကြသည်။

ကျွန်တော်တို့ ညီအစ်ကိုက အဖေမသိအောင် လွယ်အိတ် တစ်လုံးစီ ဝှက်ယူခဲ့သည်။ အဖေသိသွားလျှင် ကျောင်းလွယ်အိတ် ယူခဲ့ရမလားဟု အဆူခံထိပေလိမ့်မည်။ ငွေးသီးကောက်ဖို့၊ တညင်းသီး ထည့်ဖို့။ ကျွန်တော်တို့ စိတ်ကူးတွေ ဝေနေ၏။

ကျွန်တော်တို့ထွက်ခဲ့ပြီး သုံးနာရီလောက်အကြာတွင် တောင်ပေါ် တောစပ် ချောင်းကမ်းနံဘေး ရောက်ခဲ့သည်။ နေလည်း အေးသွားပြီ။ ချောင်းဝင်း သောင်ပြင်တွင် လှည်းများရပ်ကြပြီး ညနေစာ စားကြ၏။

mgyoe.com

mgyoe.com


အချို့က ခရမ်းချဉ်သီးငါးပိချက်၊ တို့စရာ၊ အချို့က ငါးလေးကြော်၊ အချို့က ပုစွန်ငါးပိဖုတ် ဆီဆမ်း၊ အချို့က ငါးခြောက်ဖုတ်… စသည်ဖြင့် ဝိုင်းစားကြသည်။

"ဟေ့… လှည်းဦး တင်ကြဦးနော်"

ဦးကြီးဖိုးရွှေက ဆော်သြလိုက်သည်။ အသီးသီးပင် ကိုယ့်လှည်းဦး ငှက်လှည်းသန်စွန်းတွင် ငှက်ပျောဖက်နှင့် ထမင်းဟင်း တင်ကြ၊ မြှောက်ကြသည်။ ကျွန်တော်၊ ဖိုးအောင်၊ ဖိုးကျော်ဝ၊ ကိုကြီးပေတိုးတို့က တစ်ဝိုင်းစားကြရာ လူကြီးများက ကျွန်တော်တို့ဖက်ထဲ ဟင်းများ လာထည့်ပေး၏။ တောစပ်ချောင်းသောင်ပြင်သည် ပြန့်ပြူးနေ၏။ တောစပ်မှ ချိုးကူသံ၊ဆက်ရက်သံ၊တစ်ခါတစ်ရံ ချေဟောက်သံများပင် ကြားရသည်။ ထမင်းစားပြီး၍ ခဏနားကြသောအခါ ကိုပေတိုး၏ ပလွေကြူသံလေး ပေါ်ထွက်လာ၏။ တော၏ သာယာပုံနှင့် ကိုပေတိုးပလွေသံမှာ လိုက်ဖက်လှသည်။ ခဏနားပြီးသော အခါ ကျွန်တော့် အဖေက ဆော်သြလိုက်၏။

"ကဲ… သွားကြမယ်ဟေ့။ ဒေါ်တုတ် လယ်ကွင်းကျော်မှ စခန်းချကြတာပေါ့"

"ဟေး…တင်ရွှေရေ။ မင်းက လှည်းတန်းရှေ့က မီးတုတ်ကိုင် လမ်းပြဟေ့" ဦးကြီးဖိုးရွှေ အသံကြားရ၏။ မှောင်လာသဖြင့် လှည်းတန်းရှေ့ တစ်ဦး၊ နောက်ဆုံးလှည်းကတစ်ဦး မီးတုတ်ကိုင် လိုက်ကြရသည်။ အဖေ မီးတုတ်ကိုင်ကျသဖြင့် အဖေက ကျွန်တော့်အား နွားကြိုးအပ်ကာ လှည်းမောင်းခိုင်းခဲ့၏။ ညီလေးက သူမောင်းချင်သည်ဆိုသဖြင့် အဖေ လှည်းတန်းရှေ့မှ သွားသည့်အခါ သူ့အား နွားကြိုး ခဏပေးကိုင်ရသေးသည်။ သို့သော် ကျွန်တော်တို့လှည်းမှာ လှည်းတန်းအလယ်ကဖြစ်၍ အထူး မောင်းမနေရ။ နွားကြိုးကိုင် လိုက်သွားရုံသာ။ သို့သော် တောင်စောင်းလို နေရာမျိုးတွင် ကွဲပေ

mgyoe.com

တိုးက ကျွန်တော်တို့လှည်းပေါ် ကူးလာပြီး နွားကြိုး ကိုင်ထိန်းပေးသည်။ တစ်ခါတစ်ရံ တောင်စောင်းလမ်းတွင် လှည်းမှာ တစောင်းကြီးမောင်းရသဖြင့် မှောက်မလားဟု ပူပင်ရ၏။

တောကြီးကား အတွင်းရောက်လာလေ သစ်ပင်များထူထပ်ပြီး မည်းမှောင်လာလေ ဖြစ်၏။ နောက် ခဏအကြာတွင် တောင်ပေါ် လယ်ကွက် လေးငါးကွက် ဖြတ်ရသည်။ လှည်းပေါ်မှ လူကြီးအချို့ကလည်း မီးတုတ် ထွန်းလိုက်ကြ၏။ အတန်ကြာ ဆက်မောင်းနေပြီး တစ်နေရာတွင် လှည်းလမ်းကြောင်း ပြန်ပေါ်လာ၏။ လမ်းကြောင်းနံဘေး ခပ်ကွာကွာတွင်မှ အပင်ကြီးများကို မီးရောင်ဖြင့် မြင်ရ၏။ တစ်နေရာအရောက် လှည်းတန်းရှေ့ဆုံး အောက်ဆင်းကာ မီးတုတ်ကိုင်လမ်းပြ အဖေက…

"ဒီနေရာ စခန်းချမယ်ဟေ့…"ဟု အော်လိုက်ရာ လှည်းတန်းကြီး ရပ်သွား၏။ သစ်ပင်အောက် ရသမျှကွက်လပ်တွင် လှည်းများ ဝိုင်းလိုက်ကြသည်။ လှည်းဝိုင်းအလယ်ကောင်တွင် မီးပုံကြီးဖိုကြ၏။ ဟိုမှ၊သည်မှ ထင်းတုံးများဆွဲကာ၊ ခုတ်ကာ မီးဖိုထဲထည့်ကြသဖြင့် မီးတောက်ကြီးမှာ လင်းထိန်နေသည်။

"အဝေး… ငါတို့ သက်ကယ်ပုံတွေ ရှိတယ်ဝေး။ မီးသတိထား"

"ဟုတ်ကဲ့ပါ၊ ဖထီးတို့ အမိုးတို့ မစိုးရိမ်ပါနဲ့"

ကရင်မိသားစု တဲကလေးမှ လှမ်းအော်ပြောသံ ကြားသဖြင့် ကိုမှော်ရုံက ပြန်အော်ပြောလိုက်၏။ ကျွန်တော်တို့ လှည်းဝိုင်းတစ်ဝိုက်တွင်သာ မီးရောင်ထိန်နေ၍ ကျန်… ပတ်ပတ်လည်ကား မည်းမှောင်နေဆဲပင်။

"ဒီနေရာမှာ ကျားရှိတတ်တယ်။ ဒါပေမယ့် ဒီကောင်တွေက မီးတော့ကြောက်တယ်။ မင်းတို့ မှောင်တဲ့ဘက် မသွားနဲ့။ အပေါ့

myoe.com

လေးပါးသွားရင် ငါ့ပြော။ ငါလိုက်မယ်” ကိုကြီးပေတိုးက လာပြော၏။ ကျားရှိတယ်ဆိုသဖြင့် ဖိုးကျော်ဝ ဇက်ပုသွားသည်။

ညက တစ်စစ ပိုမှောင်လာသည် ထင်ရ၏။ လူကြီးများမှာ အိပ်သည်မရှိ။ ထင်းတုံးများ မပြတ်အောင် မီးဖိုကြီးထဲ ဂရုစိုက်ထည့်နေသည်။ ရေနွေးအိုးကြီးသူကကြီ၊ လက်ဖက်သုတ်ထုပ် ယူလာသူကလည်း အမြည်းပေး၏။ တောကြက်တွန်သံများ ကြားရသည်။

“သန်းခေါင်လောက်ရှိပြီ။ ကလေးတွေ လှည်းပေါ်မှာ အိပ်ကြ”

အဖေကပြောသဖြင့် ကျွန်တော်တို့ ညီအစ်ကိုနှင့် ဖိုးကျော်ဝပါ လှည်းပေါ်တက် ခေတ္တမှေးကြ၏။ သို့သော် ခေါင်းချလိုက်သည်နှင့် သုံးယောက်သား အိပ်ပျော်သွားကြသည်။

* * *

ကျွန်တော်တို့ နိုးလာတော့ မိုးစင်စင်လင်းနေပြီ။ လှည်းတန်းကြီးကား ဘယ်အချိန်ထဲက ဆက်မောင်းလာကြမှန်းမသိ။ ညက စခန်းချရပ်နားသည့် နေရာမဟုတ်တော့ပေ။ တောင်ပေါ်တောနက်ထဲ ရောက်လာပြီဟုသာ သိရသည်။ လှည်းတန်းကြီး တစ်နေရာတွင် ရပ်လိုက်ကြသည်။ အားလုံး လှည်းပေါ်မှ ဆင်းလိုက်ကြ၏။ ကျွန်တော်တို့ ကလေးများအား မဆင်းခိုင်းပေ။ လူကြီးများ နေရာရွေးပြီး လှည်းများ နေရာချကြ၏။ ကျွန်တော် ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်ရာ တစ်ဖက်တောင်ကုန်းပေါ်တွင် ဝါးတောကြီးကို တွေ့ရ၏။

အနောက်ဘက် တစ်ကြောတွင် သစ်ပင်မြင့်ကြီးများ နိမ့်လျှောတောင်ဆင်း တောင်အောက်နေရာများ တွေ့ရ၏။ လူကြီးများလည်း ကျွန်တော်တို့အား ဘယ်မှမသွားနဲ့ဟု မှာပြီး သူတို့က ပုဆိုးတိုတို ဝတ်ကာ ဓားကိုယ်စီနှင့် ဝါးတောဘက် သွားကြသည်။

mgyoe.com

 mgyoe.com 

လူကြီးများ ဝါးတောဝင်ကြသည်နှင့် ကျွန်တော်တို့ လှည်းပေါ်က ဆင်းလိုက်ကြသည်။ "ဟေ့… ဖိုးကျော်ဝရေ။ တို့ ဟိုဘက်တောင်စောင်း သွားကြည့်ကြမယ်" ကျွန်တော်က ဆော်ဩလိုက်၏။

"ဟုတ်တယ်၊ အဲဒီမှာ ဝွေးပင်တွေ ရှိချင်ရှိမယ်" ဖိုးအောင်ကပါ ပြောလိုက်၏။ "အေး… သွားမယ်ဟေ့" သုံးယောက်သား သိပ်မညှိလိုက်ရ။ နီးရာ သစ်ချောင်းတစ်ချောင်းစီ ကိုင်ပြီးသွားကြသည်။

ကျွန်တော်တို့ တစ်ဖက်တောင်စောင်း ရောက်ပြီ။

"ဟော… ဟိုမှာ ဝွေးပင် မဟုတ်လား။ ဟာ… အောက်မှာကြည့်စမ်း၊ ဝွေးသီးတွေ။ ကိုကြီးပေတိုး ပြောတာ ဟုတ်နေပြီ"

ကျွန်တော်တို့ တောင်စောင်းအောက်ခြေ ဆင်းသွားကာ လွယ်အိတ်ထဲ ဝွေးသီးတွေ ကောက်ထည့်ကြသည်။ မကြာခင်ပင် ကျွန်တော်တို့ အသီးသီး လွယ်အိတ်များ ဝွေးသီးတွေ ပြည့်သွားသည်။

"ဟေ့…ဟိုမှာကြည့်စမ်း၊ တညင်းပင်ကြီးမဟုတ်လား။ လာ… သွားရအောင်"

ကျွန်တော်တို့ နောက် တောင်ခြေတစ်ခု ရောက်ခဲ့ကြသည်။ အပင်ပေါ်မှာတော့ တညင်းသီးတွေ ပြွတ်နေသည်။ အသီးကြွေတော့ သိပ်မတွေ့ရ။

"ဟေ့…ဟိုဘက်မှာ ပန်းပင်တွေလား မသိဘူး။ ပွင့်နေလိုက်တာ၊ ဟော…ဟိုဟာ ဖလံတောင်ဖေးပင်တွေ ထင်တယ်။ လာ… သွားကြည့်ရအောင်"

တစ်ဦးကပြောလိုက်၊ ထိုနေရာသွားလိုက်ကြ။ နောက်တစ်နေရာ လက်ညှိုးထိုးပြ သွားလိုက်ကြနှင့် ကျွန်တော်တို့ သုံးယောက်မှာ လှည်းစခန်းနှင့် ဝေးမှန်းမသိ ဝေးလာကြသည်ကို သတိမထားမိကြ။ သစ်ပင်များလည်း ပိုထူထပ်လာသည် ထင်ရ၏။

mgyoe.com

"အစ်ကိုရေ... ဟိုးမှာ ကြည့်စမ်း၊ ပြေးနေတာ ယုန်လေး ထင်တယ်"

ဖိုးအောင်က တစ်ဖက်တောင်ခြေဆီ လက်ညှိုးထိုးပြ၏။

"ဟုတ်တယ်ဟေ့...ဖိုးမောင်၊ လာ...သွားရအောင်" ဖိုးကျော်ဝက ဦးဆောင်ကာ ရှေ့မှသွား၏။ တစ်နေရာ အရောက်တွင် သူက လက်ပြ ဝပ်ခိုင်းလိုက်သည်။ တောကြီးကား ပိုပြီးတိတ်ဆိတ်သွားသယောင်ရှိ၏။ မြေကြီးဝပ်၍ သူပြရာ ကြည့်လိုက်ရာ တကယ်ပင် ယုန်ဖြူလေးတစ်ကောင်ကို တွေ့ရ၏။

ကျွန်တော်လည်း အသံတိတ် ဝပ်ကြည့်နေရင်း ကျောထဲ စိမ့်သလို ဖြစ်လာ၏။ ခဏကြာတော့ 'ဝေါင်း'ခနဲ ကျားဟိန်းသံနှင့် အတူ 'ဒိုင်း'ခနဲ သေနတ်သံ ကြားလိုက်ရသည်။ သုံးယောက်သား ဆံပင်မွေးတွေ ထောင်သွားသလား ထင်ရသည်။ ခဏကြာတော့ ကျွန်တော်တို့ဘေးတွင် ဘောင်းဘီဒူးတိုနှင့် သေနတ်ကိုင်ထားသော လူကြီးတစ်ဦးကို တွေ့ရ၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဗရပျစ်နှင့် ထိုလူကြီးက ကျွန်တော်တို့ကို ပြူးပြဲကြည့်နေသည်။

"ဟေ့... ကလေးတွေ၊ နင်တို့ ဘယ်ကလဲ။ နင်တို့က ယုန်ကို ချောင်း၊ ကျားက နင်တို့ချောင်းနေတာ မသိဘူး မဟုတ်လား။ ငါ လက်မြန်လို့။ နင်တို့ကြောင့် အချိန်မစောင့်ဘဲ ငါပစ်လိုက်တာ၊ ချက်ကောင်းမထိလို့ ကျား လွတ်သွားပြီ"

ထိုအခါမှ ကျွန်တော်တို့လည်း တစ်ယောက်တစ်ယောက် မျက်နှာငယ်ကိုယ်စီနှင့် ကြည့်ကြ၏။ ဘာမှလည်း မပြောနိုင်ကြ။

"နင်တို့ဘယ်ကလဲ။ နင်တို့လူကြီးတွေကော ပါလား။ ဘယ်မှာလဲ"

ထိုအခါမှ ကျွန်တော်တို့မှာ တစ်ယောက်က တောင်ဘက် လက်ညှိုးထိုး၊ တစ်ယောက်က မြောက်ဘက်လက်ညှိုးထိုး ဖြစ်ကုန်ကြ၏။ ဖိုးအောင်လည်း ငိုမဲ့မဲ့။

mgyoe.com

 mgoe.com


"လာ... လာ... မကြောက်နဲ့။ ဖိုးထင်တို့ လွှစင် ပို့ပေးမယ်။ အဲဒီကြမှ မေးစမ်းပြီး နင်တို့ လူကြီးတွေ ရှာပေးမယ်။ လာ... လိုက်ခဲ့"

ကျွန်တော်တို့မှာ မလိုက်ဝံ့၊ လိုက်ဝံ့နှင့် တွန့်ဆုတ်နေကြသည်။ ဘယ်ကိုသွားရမှန်းလည်း မသိ။ လာလမ်းလည်း မမှတ်မိတော့ပေ။

"ဟေ့... လာကြ။ တစ်ယောက် တစ်ယောက် ကြည့်မနေနဲ့။ ဟိုမှာတွေ့လား...သွေးစက်။ ကျားကို ထိသွားတယ်။ နင်တို့ ကျားနာနဲ့တွေ့ရင် အသက်ပျောက်လိမ့်မယ်။ ငါနဲ့တွေ့တာ ကံကောင်းတယ်မှတ်။ လာ... လာ"

ထိုအခါမှ ကျွန်တော်တို့လည်း လူကြီးတွေက "လှည်းပေါ်က မဆင်းနဲ့"ဟု ပြောစကား နားမထောင်မိတာ မှားပြီဟု နောင်တရမိကြ၏။ သေနတ်နှင့်လူကြီးက ရှေ့က ဦးဆောင်ခေါ်သွား၍ တောလမ်းလေးအတိုင်း လိုက်ခဲ့ကြရာ အတော်လေးလျှောက်မိလျှင် ရှဲ... ရှဲနှင့် အသံများ ကြားရသည်။ အနီးရောက်မှ စင်ကြီး တစ်စင်ပေါ် သစ်တုံးကြီးတင်ကာ ရောမလွှအကြီးကြီးနှင့် စင်ပေါ်တစ်ယောက်၊ စင်အောက်တစ်ယောက် ဆွဲနေကြသော လူကြီးများကို တွေ့ရ၏။ အင်္ကျီမကပ်ကြဘဲ ပုဆိုးဒူးတိုနှင့် ဆွဲနေကြခြင်း ဖြစ်သည်။ သူတို့ကျောတွင် ချွေးများ စီးကျနေကြသည်။

"ဗျို့... ကိုဖိုးထင်၊ ကိုဖိုးထင်"

"လာဗျို့...လာ၊ ဘယ်သူများလည်း မှတ်တယ်၊ မုဆိုးကြီးပါလား"

"ဟုတ်တယ်ဗျို့၊ဟောဒီမှာ တောထဲမျက်စိလည်နေတဲ့ ကလေးသုံးယောက်၊ တဆိတ် မေးကြည့်ပါဦးဗျာ"

သစ်လုံးကာ ထန်းရွက်မိုးတဲထဲမှ လူကြီးတစ်ဦး ထွက်လာသည်။ သူလည်း ပုဆိုးချက်ပြုတ်၊ အင်္ကျီ ကျောပြောင်နှင့်ပင်။ ဆံပင်က

mgoe.com

ခပ်တိုတို၊ အသားညိုညို၊ မျက်လုံးပြူးပြူးနှင့် ကျွန်တော်တို့ကို စူးစမ်းကြည့်နေသည်။

"ဪ... ဖြစ်မှ ဖြစ်ရလေ၊ ကဲ... မင်းတို့ ဘယ်ကလာကြတာလဲ၊ မင်းတို့ လူကြီးတွေကော ဘယ်မှာလဲ"

"ကျွန်တော်တို့က ကျောင်းသားတွေပါ။ ကျောင်းပိတ်ရက် အဖေတို့နဲ့ တောင်ပေါ် ဝါးခုတ်လိုက်လာတာ"

"အေး... ကောင်းပေါ့ကွာ။ လူကြီးတွေကတော့ ဒီအချိန်ဆို ဒေါင်းတောက်အောင် ရှာနေပြီ။ ဝါးခုတ်လာတယ်ဆိုတော့ မုဆိုးကြီးရေ၊ ဟိုး...ဒေါ်တုတ် လယ်ကွင်းနား တစ်ဖက်တောင် ဝါးတောထင်တယ်။ နေပါဦး... မင်းတို့ ဘယ်ရွာကလဲ"

"ကျွန်တော်တို့ နတ်စင်ကုန်း ရွာကပါ"

"ဘုရားရေ...လက်ပံတန်း နတ်စင်ကုန်းလား။ မင်းတို့ ဘယ်သူ့သားတွေလဲ"

"ကျွန်တော်တို့ ညီအစ်ကိုက ဦးတင်ရွှေ–ဒေါ်သန်းသား၊ ဟို... သျှောင်ပေစူးက ဦးကြီး ဦးဘိုးရွှေနဲ့ ဒေါ်ငွေညွန့်သား"

"ဟား... ဟား... ဟား၊ ဟုတ်ပေ့ကွာ"

ကျွန်တော်က တုန်တုန်ချည့်ချည့် ရှင်းပြရာ ထိုလူကြီးမှာ ဘာကို သဘောကျသည်မသိ၊ တဟားဟား ထရယ်တော့သည်။

"ဟုတ်ပြီကွာ... တင်ရွှေသားနဲ့၊ ဖိုးရွှေသား...ကိုး"

"ဟင်... ဦးကြီးက ကျွန်တော်တို့ အဖေတို့နဲ့ သိလို့လား"

ဖိုးကျော်ဝက သည်အခါမှ မျက်နှာလေးကြည်လာကာ မေးနေ၏။

"သိတာပေါ့ကွ၊ ကျလည်း ကျတဲ့ကောင်တွေ"

"ကဲ...ဒါဆိုလည်း...လာဗျာ ကိုဖိုးထင်၊ ကလေးတွေ လိုက်ပို့ရအောင်။ ဟိုမှာ သူတို့ အဖေတွေ ဒေါင်းတောက်နေလောက်ပြီ။ မင်းတို့ ကျောကော့ဖို့ ပြင်ထားကြ"

mgyoe.com

မုဆိုးကြီးပြောလိုက်မှ ကျွန်တော်တို့ သုံးယောက် တစ်ယောက် တစ်ယောက် ကြည့်မိကြသည်။

"အဲဒါ အစ်ကိုကြီးကြောင့်"

ဖိုးအောင်က အပြစ်တင်သည်။

"အံမယ်၊ ငါ့ချည်းလား၊ ဖိုးကျော်ဝက ယုန်လေးလှမ်းပြလို့ လိုက်ကြည့်တာလေ"

"ငါတော့ ပြောတယ်၊ ဖိုးအောင်က တညင်းပင်ကြီးဆီသွားမယ် ပြောတာရော..."

ကျွန်တော်တို့မှာ သူ့ကြောင့်၊ ငါ့ကြောင့် အပြစ်ဆိုလာကြဆဲ... မုဆိုးကြီးက... 'ရှူး...တိုးတိုး' ဟု သတိပေးသည်။

"ကိုဖိုးထင်ရေ... ဒီတစ်ဝိုက်မှာ ကျားရှိတယ်၊ အဲဒါ ကျုပ် ပစ်လို့ထိထားတယ်။ သတိဝီရိယထားပေါ့ဗျာ။ ကျုပ်လည်း ဒီကောင် ကြီးကို ရှာနေမှာပါ"

မုဆိုးကြီး ပြောလိုက်မှ ကျွန်တော်တို့ ကျောစိမ့်သွားကြပြန် သည်။ ဤသို့ဖြင့် လာလိုက်ကြရာ တောင်ကုန်း သုံး၊ လေးကုန်း လောက် ဖြတ်အပြီးတွင်တော့ အသံတွေ ကြားလာရသည်။

"ဟေး... ဖိုးမောင်ရေ... ဖိုးအောင်ရေ... ဖိုးကျော်ဝ... ရေ"

အသံများမှာ ပဲ့တင်ထပ်နေသည်။ တောင်နံရံ အသံပြန်၍ ထပ်ထပ်ခေါ်သံတွေ ကြားနေရသည်။

"ဟေး... တင်ရွှေရေ၊ တို့ လာပြီဟေ့...ဒီမှာ...ဒီမှာ... မှာ... မှာ...မှာ..."

ခဏအကြာတွင်တော့ ကျွန်တော်တို့ ရွာသားများကို တွေ့ရ သည်။ ဓားကိုယ်စီ၊ တချို့က ဝါးချွန်နှင့် ကျွန်တော်တို့ကို တွေ့တော့ ပြေးလာကြသည်။

"ဟော...ဟော... ဟိုမှာဗျို့၊ ကိုလေး ဖိုးရွှေရေ...တွေ့ပြီ"

mgyoe.com

ကျွန်တော်တို့လည်း အသံလာရာ လှမ်းကြည့်လိုက်ရာ ဦးကြီးဖိုးရွှေက ဝါးစိမ်းတုတ် ကောက်ကိုင်လိုက်သည်ကို မြင်ရ၏။ ထို့အတူ ကျွန်တော်တို့ အဖေကိုလည်း ဝါးစိမ်းတုတ်ကိုင်လျက် တွေ့ရသည်။

"ခွေးကောင်တွေ၊ လူကြီးတွေကို ဒုက္ခပေးတဲ့ ကောင်တွေ၊ လာစမ်း"

"ဟိုး...ဟိုး...ဆရာတို့၊ သိပ်ဒေါသမကြီးကြပါနဲ့။ ခင်ဗျားတို့သားတွေ ကျုပ်တို့တွေနဲ့ တွေ့တာ ကံကောင်းတယ်။ နေပြင်းတယ်၊ ကလေးတွေကို မရိုက်ပါနဲ့"

"ဟော... ကိုဖိုးထင်၊ ဟင်... မုဆိုးကြီး"

သူတို့ လူကြီးချင်း တားထားကြ၍ ကျွန်တော်တို့ သုံးယောက် ကျောကော့အောင် အရိုက်ခံရမည့်ဘေးမှ လွတ်ခဲ့သည်။ ဒါတောင် အိမ်ရောက်လျှင် ထပ်မရိုက်ဟု ကံသေကံမ မပြောနိုင်။

ကျွန်တော်တို့မှာ နောက်ဆို လူကြီးများစကား နားထောင်ပါ့မည်ဟု ဝန်ခံကြရ၏။ အဖေကော၊ ဦးကြီးဖိုးရွှေပါ ဒေါသမပြေကြသေး။ ကျွန်တော်တို့ကား စွန့်စားခန်းလည်းတွေ့ရ၊ သင်ခန်းစာလည်း ရလိုက်ကြပါပေသည်တကား။

ကြည်နိုင်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# နေဝင်စ ချိုးမရယ်ကူ

တစ်ခါတုန်းက ရွာနောက်က သရက်ပင်ကြီးမှာ မှီခိုနေတဲ့ ချိုးလည်ပြောက်မောင်နှံ ရှိသတဲ့ကွယ်။ ကျောကုန်းကညိုညို၊ ရင်ပုံက ဖွေးဖွေးနဲ့ လည်ပင်းနေရာမှာတော့ အမည်းစက်ကလေးတွေနဲ့ကွယ့်။ သိပ်ချစ်စရာကောင်းတာပဲ။ ချိုးဖိုနဲ့ ချိုးမဟာ တစ်ပုံစံတည်းပဲဆိုတော့ ရုတ်တရက် ခွဲလို့မရဘူး။ သေချာကြည့်မှ ချိုးဖိုက ကိုယ်လုံး ယောင်ယောင်လေး ပိုကြီးတာ တွေ့ရတယ်။

တစ်နေ့တော့ ရွာနောက်ဘက်မှာ အိမ်တစ်လုံး တိုးလာတယ်။ မြို့ကပြောင်းလာတဲ့ လူကြီးတဲ့။ တစ်အိမ်လုံး သူတစ်ယောက်ပဲရှိသတဲ့။အဲဒီလူကြီး ပြောင်းလာကတည်းက နံနက်အရုဏ်တက်ချိန်ဆို ဘုရားရှိခိုးသံ မှန်မှန်ကြားရတော့တယ်။ ဘုရားရှိခိုးပြီးရင် အမျှဝေ၊ မေတ္တာပို့ပြီး ကြေးစည်သံ မှန်မှန်ကြားရတော့တာပဲ။ အလင်းရောင်လာပြီဆိုရင်တော့ အဲဒီလူကြီးဟာ အိမ်ထဲကထွက်လာပြီး အိမ်ရှေ့က မြေပြောင်ပြောင်မှာ ဆန်စေ့တွေ ကြဲတော့တာပဲ။

ပထမတော့ အနီးဝန်းကျင်က စာကလေးတွေတောင် သွားမစားကြဘူးတဲ့။ အစာကျွေးပြီး ထောင်ဖမ်းမှာ ကြောက်တာကိုး။ ဒါနဲ့ နှစ်ရက်၊သုံးရက် အရိပ်အခြည် စောင့်ကြည့်ကြသတဲ့ကွယ်။ သုံးရက်

mgyoe.com

mgyoe.com

မြောက်နေ့ကျမှ စာကလေးတစ်အုပ်ဟာ စမ်းပြီး အစာသွားကောက် ကြတယ်။ ဒါပေမယ့် အစာကို ဘယ်ဖြောင့်ဖြောင့် စားနိုင်ပါ့မလဲ ကွယ်။ တောင်ကြည့်၊ မြောက်ကြည့်နဲ့ ကျီးကန်းတောင်းမှောက်ပေါ့။

ဒီလိုနဲ့ တစ်ရက်ပြီး တစ်ရက် ကြာလာတော့မှ သူတို့လည်း ရဲရဲစားနိုင်ကြတော့တယ်။ ကြဲထားတဲ့ ဆန်ကလည်း ဆန်ကွဲမဟုတ် ဘူး။ ဖူးနေတာပဲတဲ့။ စာကလေးတွေဆီက သတင်းကြားတော့ ချိုး ဖိုဟာ မနေနိုင်တော့ဘူး။ 'ရှင်မ၊ တို့လည်း မနက်ဖြန်ကျရင် သွားရ အောင်'လို့ ပြောသတဲ့။ ဒီတော့ ချိုးမက 'တော်ကြာရှင်... ထောင် ချောက်နဲ့ မိနေမှရှင်၊ အန္တရာယ် များလှပါတယ်'လို့ ပြန်ပြောသတဲ့။

နောက်တစ်နေ့ နံနက်ရောက်တော့ ချိုးမက မလိုက်ရဲတာနဲ့ ချိုးဖိုတစ်ကောင်တည်း အစာကောက် ထွက်လာခဲ့တယ်။ စာကလေး တွေပြောတာ မှန်လိုက်တာ... ကြဲထားတဲ့ ဆန်တွေက 'ဥ'နေတာပဲ။ ချိုးဖိုကတော့ စိတ်တိုင်းကျ တဝကြီးကို စားပစ်လိုက်တယ်။ စိတ် ထဲမှာတော့ ကျန်ခဲ့တဲ့ သူ့ရဲ့ ချိုးမလေးကို သတိရလို့ပေါ့။ ဒါပေမယ့် သယ်ယူလို့က မရဘဲ မဟုတ်လား။

ညဘက် အိပ်တန်းတက်တော့ အစာတွေ ဘယ်လိုပေါပြီး ကောင်းကြောင်း၊ ဒီအတိုင်းဆို တို့တော့ ကြာရင် ဘာမှလုပ်စရာ မလိုဘဲ ဝဖြိုးလာတော့မှာပဲလို့ ချိုးဖိုက ချိုးမကို ပြောပြသတဲ့။ ဒီတော့ ထောင်ချောက်မိမှာ ကြောက်တဲ့ ချိုးမလည်း ဆန်ဖြူချော ချောလေး စားချင်စိတ် ပေါက်လာတယ်လေ။ ဒါနဲ့ နံနက်ကျရင် သူလည်းလိုက်မယ်လို့ ပြောလိုက်တယ်။

နံနက်ကျတော့ ချိုးလည်ပြောက်မောင်နှံဟာ စာကလေး တစ် အုပ်နဲ့အတူ အဲဒီလူကြီး ကြဲပက်ပေးထားတဲ့ ဆန်တွေကို လာစား ကြတာပေါ့။ ဒီနေ့မှ ဆန်တွေကြဲထားတာ ပိုတောင်များသလိုပဲ။ ချိုးဖိုကတော့ အားရပါးရ ကောက်ကောက်စားနေပေမယ့် ချိုးမလေး

mgyoe.com

ကတော့ ပထမဆုံးနေ့ဆိုတော့ မရဲတရဲနဲ့ပေါ့။ ဘယ်စိတ်ဖြောင့်ဖြောင့်နဲ့ စားရဲမလဲ။ ဟိုကြည့်လိုက်၊ သည်ကြည့်လိုက်၊ တစ်စေ့ကောက်စားလိုက်နဲ့ပေါ့။

တစ်ခါမှာတော့ ချိုးမလေးဟာ ဆီးပင်ချုံဘက် ကြည့်လိုက်တော့ လူရိပ်တစ်ခုကို ဖျတ်ခနဲတွေ့လိုက်တယ်။ ဒါနဲ့ သူက ထပျံပြီး အိမ်နားက ပိတောက်ပင်ကိုင်းတစ်ခုပေါ် ပျံတက်လိုက်တယ်။ ဒီတော့မှ ဆီးပင်ချုံနောက်က အိမ်ရှင်လူကြီးကို သေသေချာချာ မြင်လိုက်ရတော့တယ်။ အို...ကြောက်စရာကြီး။ သူ့ရုပ်ကြီးက ဆိုးလိုက်တာမှ အရမ်းပဲ။

ဒါနဲ့ ညဘက်ရောက်တော့ ချိုးမလေးက သူ့လင် ချိုးဖိုကြီးကို အန္တရာယ်ရှိကြောင်း သူ မြင်ခဲ့တာကို ပြောပြတယ်။ ချိုးဖိုကတော့ မယုံဘူး။ 'တို့တွေ စားလာတာပဲ ရက်မှ မနည်းတော့ပဲ၊ ရန်ရှာချင်ရင်ကွာ၊ ငါမှ မဟုတ်ဘူး၊ စာကလေးတွေတောင် အုပ်လိုက်ဖမ်းနိုင်တာပဲ။ မင့်နှယ်ကွာ၊ စိုးရိမ်စရာမရှိတာကို' လို့ ပြန်ပြောတယ်။ ချိုးမလေးကတော့ 'အို...ကျွန်မ စိတ်ထဲမှာ သူ့ရုပ်ကြည့်ရတာ တစ်မျိုးပဲရှင့်။ တစ်ခုခုဖြစ်မယ် ထင်တာပဲ။ ရှင် မသွားပါနဲ့' လို့ အတင်းတားတယ်။ ဒါပေမယ့် ဖွေးနေတဲ့ ဆန်ဖြူချောချောတွေကို နေ့တိုင်း တနင့်တပိုး စားနေရတဲ့ ချိုးဖိုဟာ ပြောလို့မရဘူး။ အစာကိုပဲ မြင်နေတယ်။

ဒါနဲ့ နောက်တစ်နေ့ နံနက်လည်းရောက်ရော ချိုးမလေး တားနေတဲ့ ကြားထဲကပဲ ဗွတ်ထွက်သွားသတဲ့ကွယ်။ ချိုးမလေးမှာတော့ စိုးရိမ်စိတ်နဲ့အတူ သူရှာလို့ရတဲ့ အစာကလေးတွေကိုပဲ စားပြီး ချိုးဖိုအတွက် တထိတ်ထိတ်နဲ့ပေါ့ကွယ်။ သူ့ရဲ့လင်သား ချိုးဖိုကြီး အချိန်တန် အိမ်ပြန်လာဖို့ကိုပဲ စိတ်ထဲမှာတွေးရင်း မျှော်လင့်နေတော့တယ်။

ဒါပေမယ့် ခါတိုင်း ပြန်လာတတ်တဲ့အချိန် ရောက်ခဲ့ပေမယ့် ချိုးဖိုဟာ ပြန်ရောက်မလာဘူး။ ဒီတော့ ချိုးမလေးရဲ့စိတ်ထဲ ပူလှာ

mgyoe.com

တော့တယ်။ ဒါပေမယ့် သူ့ခမျာ လိုက်လည်းမသွားရဲတော့ အသိုက်ထဲကပဲ စောင့်နေရတာပေါ့ကွယ်။ ဒီလိုနဲ့ ညနေ နေဝင်ချိန်ရောက်လာတဲ့အထိ ချိုးဖိုကြီး ပြန်မရောက်လာတော့ ချိုးမလေး ရင်တွေပူလာပြီ။ နောက်ဆုံး မနေနိုင်တော့တာနဲ့ အဲဒီလူကြီးအိမ်ဘက်ကို သွားကြည့်ဦးမယ်လေ ဆိုပြီး ထွက်လာခဲ့တယ်။ သူ့နှုတ်ကလည်း တကူကူးကူ... တကူကူးကူနဲ့ အော်ရင်း အသံပေးနေမိတယ်။ ဒါပေမယ့် သူ့လင် ချိုးဖိုရဲ့ အသံကိုတော့ ဘယ်ကမှ မကြားရဘူး။

သူတို့အစာကောက်တဲ့ လူကြီးအိမ်နားရောက်တော့ အဲဒီကနေ မီးခိုးငွေ့တွေ တက်နေတာကို တွေ့လိုက်ရတယ်။ ဒါနဲ့ သူလည်း သိချင်ဇောနဲ့ ခပ်မြန်မြန်လေး ပျံသွားလိုက်တော့ ခြံနောက်ဘက်ကွက်လပ်မှာ မီးပုံတစ်ပုံနဲ့ အဲဒီလူကြီးကို တွေ့လိုက်ရတယ်။သူ့ဘေးကစားပွဲပုလေးမှာတော့ ပုလင်းတစ်လုံးနဲ့ ဖန်ခွက်တွေ။ သူကိုယ်တိုင်ကတော့ မီးပုံနားမှာ တစ်ခုခုကိုကင်ပြီး အလုပ်ရှုပ်လို့။ ဒါနဲ့ ချိုးမလေးက သေချာကြည့်လိုက်တော့ လူကြီးလက်ထဲကညှပ်မှာ နီရဲပြီး မီးကင်ခံနေရတဲ့ သူ့ရဲ့ ချစ်လင် ချိုးဖိုကြီးကို တွေ့လိုက်ရတဲ့အခါ အဆက်မပြတ် ကူတော့တာပဲကွယ်။

အဲဒီ(ဝ)စလို့ နေဝင်စအချိန်ရောက်ရင် ချိုးလည်ပြောက်မကလေးရဲ့ ရင်ကွဲမတတ် ကူသံကို အမြဲလို ကြားနေရတော့တာပဲတဲ့။ ဒါပေမယ့် ချိုးလည်ပြောက်မကလေးကိုတော့ ဘယ်နေရာကနေပြီး ကူနေတယ်ဆိုတာ ဘယ်သူမှ မတွေ့ကြရဘူးတဲ့ကွယ်။

စိုးမြင့်လတ်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဒေလီယာနဲ့ မိုမို

ချစ်စဖွယ် 'မှန်လုံးအရုပ်'လေးတွေကို အားလုံးသိကြမယ်ထင်ပါတယ်။ သေချာ သိသာမြင်သာအောင် ထပ်ပြောပြချင်ပါတယ်။

မှန်ဖန်လုံး ကြည်ကြည်လေးထဲမှာ လှလှပပ ဝတ်စားထားပြီး ကိုယ်ဟန် ကြော့ကြော့ရှင်းရှင်းလေးနဲ့ အရုပ်သေးသေးလေး (မိန်းကလေးရုပ်... ဒါမှမဟုတ် ယောကျ်ားလေးရုပ်... ဒါမှမဟုတ် နှစ်မျိုးစလုံး) တွေရှိပြီး မှန်ဖန်လုံးရဲ့ အောက်ခြေမှာ သံပတ်ပေးတဲ့ လက်တံလေးတစ်ခုလည်း ပါရှိတယ်။ အဲဒီ လက်တံလေးကို လှည့်ပြီး သံပတ်ပေးလိုက်ရင် သာယာနာပျော်ဖွယ် စန္ဒရားတီးလုံးသံလေးတွေ ထွက်ပေါ်လာပြီး ဖန်လုံးထဲက အရုပ်လေးတွေက သံပတ်မကုန်မချင်း 'က'နေသယောင် လည်နေတာကို တွေ့ရလိမ့်မယ်။ တချို့အရုပ်လေးတွေကျတော့လည်း မတ်တတ်ရပ်လျက်အနေအထား ပုံသဏ္ဍာန်မျိုး... တချို့ကလည်း အခြားသော ကိုယ်နေဟန် အမျိုးမျိုးနဲ့ပေါ့။

ဒီလို ချစ်စဖွယ်အရုပ်လေးတွေကို အရုပ်ရောင်းဆိုင်တိုင်း လိုလိုမှာ ဝယ်ယူလို့ ရနိုင်ပါတယ်။ လူတော်တော်များများက ဒီအရုပ်လေးတွေကို ပိုင်ဆိုင်ကြပေမယ့် ဘယ်သူကမှ ဒီအရုပ်လေးတွေရဲ့ ထူးခြားတဲ့ လျှို့ဝှက်ချက်ကို မသိကြသေးပါဘူး။

mgyoe.com

"လျှို့ဝှက်ချက်"

ဟုတ်တယ်။ တကယ့်ကို လျှို့ဝှက်ချက် အကြီးကြီးပါပဲ။

အဲဒါကတော့… "ဒီအရုပ်လေးတွေက လူတစ်ယောက်လိုပဲ အသက်ရှိကြတယ်" ဆိုတာပဲ။ သူတို့လေးတွေက စကားပြောနိုင်၊ မြင်နိုင်၊ ကြားနိုင်၊ လှုပ်ရှားနိုင်ကြတယ်လေ။ ဒါပေမယ့် လူတွေရဲ့ မမြင်ကွယ်ရာကျမှပေါ့။

ဒီအရုပ်လေးတွေက လူတွေ မမြင်ကွယ်ရာကျမှ လှုပ်ရှားကြတာ။ အရုပ်ဖြစ်ပေမယ့် လူတွေလို ခံစားပြုမူနိုင်ကြတာ ဘာကြောင့်လဲ။

တကယ်တော့ အဲဒီမေးခွန်းအတွက် အဖြေရှိပါတယ်။ အကြောင်းရင်း ဇာစ်မြစ်က ဒီလိုပါ…။

ဟိုး… တစ်ချိန်တုန်းက စတင်ခဲ့တဲ့ ဇာတ်လမ်းလေးပါပဲ။ မိုးကောင်းကင်ထဲမှာ အလွန်ခမ်းနားထည်ဝါတဲ့ နတ်ဗိမာန်ကြီးတစ်ခု ရှိပြီး အဲဒီမှာ စိုးစံနေကြတဲ့ နတ်အပေါင်းကိုသာမက ကောင်းကင်ယံ တစ်ခွင်လုံးကိုပါ အကြီးအကဲအဖြစ်နဲ့ "မိုးကောင်းကင် နတ်မင်း" က အုပ်ချုပ်နေပါတယ်။ မိုးကောင်းကင် နတ်မင်းကြီးမှာ အလွန်ချစ်ရတဲ့ သမီးတော်တစ်ပါး ရှိတယ်။ နာမည်လေးက 'Cloudy' 'ကလောက်(ဒ်)ဒီတဲ့…။ နတ်ဘုရင်ကြီးရဲ့ သမီးတော်လေးဖြစ်ပေတော့ 'Princess Cloudy' 'ကလောက်ဒ်ဒီ မင်းသမီးလေး'လို့ ဆိုရမှာပေါ့။ မြန်မာလိုဆိုရင် 'တိမ်သလ္လာ မင်းသမီးလေး'လို့ ဆိုရမှာပါ။

တစ်နေ့မှာတော့ နတ်ဘုရင်ကြီးဟာ သူရဲ့ ချစ်သမီးလေးကို လက်ဆောင်ပေးဖို့ရာအတွက်… သူ့ရဲ့ ခြေသလုံးမွေးတစ်ပင်ကို နုတ်ယူပြီး လက်ဆောင်အဖြစ် ဖန်တီးလိုက်ပါတယ်။ အဲဒီလက်ဆောင်ကတော့ 'အတွင်းမှာ အလွန်သေးငယ်ပြီး အလွန်ချစ်စရာကောင်းတဲ့ အရုပ်ကလေးပါရှိတဲ့ မှန်လုံအိမ်'ပဲ ဖြစ်ပါတယ်။ အရုပ်လေးက

mgyoe.com

mgoe.com

လေးလက်မ နီးပါးလောက်ပဲ မြင့်ပါတယ်။ အဲဒီတုန်းက ဖန်ဆင်းခဲ့တဲ့ အရုပ်လေးရဲ့ မှန်လုံအိမ်နဲ့ အခုခေတ် အရုပ်လေးတွေရဲ့ မှန်လုံအိမ်က ပုံသဏ္ဍာန်မတူဘူး။ ကွာခြားတယ်။ နတ်ဘုရင်ကြီး ဖန်ဆင်းလိုက်တဲ့ မှန်လုံအိမ်မှာက အရုပ်လေး အပြင်ထွက်လို့ရအောင် ဖွင့်၊ ပိတ်နိုင်တဲ့ တံခါးပေါက်လေး တစ်ခုပါရှိတယ်။ အခုခေတ် အရုပ်တွေမှာ အဲဒါမျိုး မပါတော့ပါဘူး။ နောက်တစ်ခုက နတ်ဘုရင်ကြီး ဖန်ဆင်းတဲ့အရုပ်မှာ သံပတ်ပေးတဲ့ လက်တံမပါဘူး။ သံပတ်ပေးလို့ရပြီး တီးလုံးသံ ထွက်လာတာမျိုးလည်း မရှိဘူးပေါ့။

နတ်ဘုရင်ကြီးက အရုပ်လေးကို ဖန်ဆင်းပြီးတဲ့နောက် သူ့ရဲ့ လက်ဖဝါးထဲထည့်ပြီး လေနဲ့မှုတ်လိုက်တဲ့အခါ အရုပ်လေးက အသက်ဝင်သွားပါတော့တယ်။ ဒီ သက်ဝင်လှုပ်ရှားတဲ့ အရုပ်လေးကို သမီးတော် 'တိမ်သလ္လာမင်းသမီး' အတွက် လက်ဆောင်အဖြစ်ပေးတဲ့အခါ မင်းသမီးလေးက အလွန်နှစ်သက် သဘောကျပါတယ်။ ဘယ်သွားသွား ဘယ်လာလာ အမြဲခေါ်ဆောင်သွားပြီး အမြဲလည်း အတူဆော့ကစားကြပါသတဲ့။ ခက်တာတစ်ခုက သက်ဝင် အရုပ်ကလေးဟာ အလွန်အဆော့မက်တာပါပဲ။ မင်းသမီးလေးကလည်း အလွန်အလိုလိုက် မျက်နှာသာပေးတော့ အရုပ်လေးက ဘာကိုမှ အကြောက်အရွံ့မရှိ၊ အလွန်အပျော်မက်ပြီး ဆော့ကစားလွန်းနေတာပေါ့။

ဒီလိုနဲ့ တစ်နေ့မှာ ပြဿနာကြီးတစ်ခုကို အရုပ်လေးက မထင်မှတ်ဘဲ ဖန်တီးလိုက်မိပါသတဲ့။ အဲဒါကတော့ နတ်မင်းကြီးတွေသာ ဝင်ခွင့်ရှိတဲ့ တားမြစ်နယ်မြေဖြစ်တဲ့ နတ်ပန်းဥယျာဉ်ကြီးထဲကို ခိုးဝင်ရုံတင် မကဘဲ နတ်တွေသာ ထိကိုင်ခွင့်ရှိတဲ့ 'နတ်ပန်း'တွေကို ပျက်စီးလောက်အောင် ဆော့ကစားခဲ့တဲ့အပြင် ဥယျာဉ်ကြီးရဲ့အလယ်မှာရှိတဲ့ ရွှေရောင်သစ်ပင်ကြီးက သစ်သီးတွေကိုလည်း ရူးဆွတ်ပြီး အားရပါးရ စားခဲ့သေးတယ်လေ။ အဲဒီသစ်ပင်ကြီးကို 'ရွှေသစ်ပင်'

mgoe.com

လို့ခေါ်တယ်။ အဲဒီအပင်က သစ်သီးတွေကို 'ရွှေသီး'လို့ ခေါ်တယ်။ 'ရွှေသီး'ဆိုတဲ့ သစ်သီးဟာ ရွှေရောင်တဝင်းဝင်းနဲ့ အလွန်လှပပြီး အလွန်တရာလည်း အရသာရှိလှတယ်တဲ့။ အရွယ်အစားကတော့ 'ပန်းသီး' အရွယ်လောက် ရှိပါတယ်။ အဲဒီအသီးကို စားရင် 'နတ်' တွေရဲ့ ကိုယ်ရောင်ကိုယ်ဝါဟာ ပိုပြီး တောက်ပ လှပလာတယ်။ ရွှေရောင်ပိုဝင်းဝါလာတယ်လို့ ဆိုကြတယ်။ လူတွေရဲ့ စကားနဲ့ဆိုရင်တော့ အသားအရေ ပိုလှလာစေတယ်ပေါ့နော်။ 'ရွှေသစ်ပင်'ဆိုတာကလည်း ကောင်းကင်ဘုံရဲ့ နတ်ပြည်မှာပဲ ရှားရှားပါးပါး တစ်ပင်တည်း ပေါက်တာ။ ပိုပြီးခက်တာက အဲဒီ 'ရွှေသစ်ပင်'ကြီးဟာ နတ်ဘုရင်ကြီးကိုယ်တိုင် စိုက်ပျိုးထားတာဖြစ်ပြီး သူ့ရဲ့ ခွင့်ပြုမိန့်မှ မရရင် ဘယ်နတ်ကမှ ထိကိုင်ခွင့်တောင် ရှိတာမဟုတ်ဘူး။ နတ်ဘုရင်ကြီးက သူ ချီးမြှင့်မြှောက်စားလိုတဲ့ သူကိုမှ ရွှေသစ်သီးကို ပေးသနားလေ့ရှိတာ။ အခုတော့ အရုပ်လေးဟာ အလွန်လှပ ဝင်းဝါနေတဲ့ ရွှေသစ်သီးတွေကိုတွေ့တော့ စိတ်မထိန်းနိုင်ဘဲ အသီးတွေကို စားလိုက်မိတာဟာ အလွန်ကြီးလေးတဲ့ အပြစ်ကို ကျူးလွန်လိုက်တာပါပဲ။ ဒီကိစ္စကို နတ်ဘုရင်ကြီးသိတော့ အလွန်ဒေါသထွက်ပြီး စိတ်ဆိုးတာပေါ့။ တခြားနတ်တွေကလည်း မကျေနပ်ကြဘူး။ သူတို့တောင်မှ စားချင်ပေမယ့် နတ်ဘုရင်ကြီး ပေးသနားမှ စားရတာလေ။ အရုပ်လေးကို အပြစ်ကြီးကြီးပေးဖို့ တောင်းဆိုကြတာပေါ့။ 'တိမ်သလ္လာ မင်းသမီးလေး' ကတော့ သူ့အချစ်တော် သက်ဝင်အရုပ်လေးကို သက်ညှာပေးဖို့ တောင်းပန်ရှာတယ်။ ဒါပေမယ့် မရပါဘူး။ နတ်တွေအားလုံးက အလွန်စိတ်ဆိုးနေကြတာကိုး။

နောက်ဆုံးတော့ နတ်ဘုရင်ကြီးက ဘယ်လိုမှ ခွင့်လွှတ်လို့ မရလောက်အောင် ကြီးလေးတဲ့အပြစ်ကို ကျူးလွန်ထားတဲ့ အရုပ်လေးကို နတ်အပေါင်းရဲ့ စိတ်တိုင်းကျလည်းဖြစ်အောင်... နတ်ပြည်ရဲ့

myoe.com

စည်းမျဉ်း စည်းကမ်းနဲ့လည်း ညီအောင်… 'တိမ်သလ္လာ မင်းသမီးလေး'လည်း ကျေနပ်အောင် အပြစ်ဒဏ်တစ်ခုကို ရွေးချယ်ဆုံးဖြတ်ပေးခဲ့ပါတယ်။

နတ်ဘုရင်ကြီးက အရုပ်လေးရဲ့ မှန်ဖန်လုံးအိမ်က တံခါးကို ဖျောက်ပစ်လိုက်ပြီး…

"မင်းက ခြေအငြိမ်မနေတဲ့အတွက် ပြင်ပလောကကို ထွက်ခွင့်မပေးတော့ဘူး။ မှန်လုံအိမ်ထဲမှာပဲ နေရမယ်။ မင်းရဲ့ စည်းကမ်းမဲ့ဆော့ကစားချင်တဲ့စိတ်ဓာတ်၊ စည်းကမ်းနဲ့အညီ မနေတတ်ဘဲ အရိုအသေမဲ့လွန်းတဲ့ အပြုအမူတွေအတွက် လူ့ပြည်မှာ 'အရုပ်'တစ်ရုပ်အဖြစ်နဲ့ပဲ နေထိုင်သွားရမယ်။ အများသူတွေရဲ့ ရှေ့မှာ သက်ဝင်အရုပ်အဖြစ် မနေရဘူး၊ အသက်ရှိလို့ လှုပ်ရှားနိုင်၊ မြင်နိုင်၊ ကြားနိုင်ပေမယ့် အများရဲ့အမြင်မှာ ကျောက်သားအရုပ်အဖြစ်နဲ့ပဲ ငြိမ်ငြိမ်လေး နေရမယ်။ အားလုံး မမြင်ကွယ်ရာမှ လှုပ်ရှားခွင့်ရှိတယ်"လို့ အပြစ်ဒဏ်ပေးလိုက်တယ်။ ပြီးတော့…

"မင်းကို လူ့ပြည် ပို့လိုက်တဲ့အခါ လူတွေကတွေ့ပြီး အလွန်လှပတဲ့ အရုပ်လေးအဖြစ် အိမ်မှာ သိမ်းထားကြလိမ့်မယ်။ နောင်နှစ်တွေ ကြာလာတဲ့အခါ လူတွေက မင်းနဲ့ပုံစံတူ အရုပ်လေးတွေကို ဖန်တီးထုတ်လုပ်လာကြလိမ့်မယ်။ မင်းကနေမှတစ်ဆင့် ဆင်းသက်လာတာ ဖြစ်တဲ့အတွက် အဲဒီအရုပ်တွေဟာ သက်ဝင်အရုပ်တွေဖြစ်သလို မင်းရဲ့ ပြစ်ဒဏ်ကိုပါ ဆက်လက်ခံကြရလိမ့်မယ်။ ဒါပေမယ့် နောင်တစ်ချိန် ထွက်ပေါ်လာမယ့် အရုပ်တွေဟာ ကိုယ်တိုင် အပြစ်ကျူးလွန်ခဲ့သူတွေ မဟုတ်တာကြောင့် သူတို့တွေပေါ်မှာ သက်ညှာမှုတစ်ခုပေးလိုက်မယ်။ အဲဒါကတော့ အရုပ်လေးတွေကို စတင်ထုတ်လုပ်တဲ့နေ့… တစ်နည်းအားဖြင့် သူတို့ရဲ့ မွေးနေ့ကစလို့ ရက်တစ်ရာပြည့်တဲ့နေ့ဟာ လပြည့်နေ့နဲ့ တိုက်ဆိုင်ပြီး အဲဒီနေ့ လပြည့်ညမှာ

myoe.com

လရောင်နဲ့လည်း ထိတွေ့ခွင့်ရခဲ့မယ် ဆိုရင်တော့ အဲဒီ အရုပ်ဟာ လနတ်မင်းကြီးဆီကနေ ပြစ်ဒဏ်ကို ပယ်ဖျက်ဖို့ကလွဲလို့ 'လိုရာဆု' တစ်ခု တောင်းဆိုခွင့်ရှိတယ်"လို့ နတ်ဘုရင်ကြီး ပြောခဲ့တယ်။ အခုဆိုရင်...

အဲဒီအဖြစ်အပျက်တွေ ဖြစ်ခဲ့တာ နှစ်ပေါင်းမြောက်မြားစွာ ကြာမြင့်ခဲ့ပါပြီ။ အခုဆိုရင် လူ့ပြည်ကိုရောက်လာခဲ့တဲ့ အရုပ်လေးကို တုပမှိုငြမ်းပြီး ဆင်တူရိုးမှားရော... သဏ္ဌာန်အကွဲအပြားပါ ပြုလုပ်ထားကြတဲ့ အရုပ်တွေဟာ ကမ္ဘာအနှံ့မှာ ရောက်ရှိနေကြပါပြီ။ ပိုပြီး ဆန်းသစ်သထက် ဆန်းသစ်တဲ့ အပြင်အဆင်တွေနဲ့ပေါ့။ အခုခေတ် အရုပ်လေးတွေမှာ သံပတ်ပေးရင် တီးလုံးသံ ထွက်တာမျိုးအထိ ဆန်းကြယ်လာကြပေမယ့်... နတ်ဘုရင်ကြီးရဲ့ ပြစ်ဒဏ်ကနေတော့ ရှောင်လွှဲ မရကြပါဘူး။ မှန်ဖန်လုံးအိမ်နဲ့ အရုပ်တွေရဲ့ မူလအစ 'သက်ဝင် အရုပ်လေး'ရဲ့ ပြစ်ဒဏ်ကို နှစ်တွေထောင်ပေါင်းများစွာ အထိ ခေတ်သစ် အရုပ်လေးတွေက ခံယူနေကြဆဲပါပဲ။

ဒါတွေက နိဒါန်းပဲ ရှိပါသေးတယ်။ အဲဒီအကြောင်းရင်းတွေနဲ့ ပတ်သက်တဲ့ ပုံပြင်က အခုမှစမှာပါ။

* * *

အေးအေးရဲ့ ဆယ်နှစ်ပြည့် မွေးနေ့ကို ရောက်ရှိလို့လာပါပြီ။

အေးအေးက သူ့အမေပေးတဲ့ မွေးနေ့လက်ဆောင်ဘူးကလေးကို ကိုင်ကြည့်ရင်း အရမ်းပျော်ရွှင်နေတယ်။ လက်ဆောင်ဘူးကို စပြီး ဖွင့်ဖောက်ဖို့ ပြင်လိုက်တယ်။

ဘူးထဲမှာလည်း အေးအေးလိုပဲ ရင်ခုန်စိတ်လှုပ်ရှားပြီး ပျော်ရွှင်နေတဲ့သူ နှစ်ဦးရှိပါတယ်။

mgyoe.com

mgyoe.com


"ငါတို့နေရမယ့် အိမ်က လှလှပပ၊ ခမ်းခမ်းနားနား အိမ်မျိုးကြီးဆိုရင် အရမ်းကောင်းမှာပဲ ဒေလီယာရယ်"

"ငါလည်း အဲဒီလိုပဲ ဖြစ်စေချင်တာပေါ့ မိုမိုရာ၊ ငါတို့သခင်က ချောချောလှလှ၊ အိမ်ကလည်းကောင်း၊ နေရတာလည်း သန့်သန့်ပြန့်ပြန့်၊ ငါတို့ကိုလည်း ဂရုစိုက်ဆိုရင် အရမ်းကောင်းမှာပဲ"

'ဒေလီယာ'ဆိုတဲ့ သေးငယ်ငယ်နဲ့ ချစ်စဖွယ် မိန်းကလေးက ဆောင့်ကြောင့်လေးထိုင်နေရင်း သူ့နံဘေးမှာရှိတဲ့ လိပ်ပြာလေး'မိုမို'ကို ပြောလိုက်တယ်။

"ဒါပေမယ့် ငါတို့ဖြစ်ချင်သလို ဖြစ်ပါ့မလား မသိဘူးနော်၊ ငါတို့ကိုလာဝယ်တဲ့ အန်တီကြီးကတော့..."

"ဟော... လက်ဆောင်ဘူးကို မနေပြီ။ စကားမများနဲ့တော့ မိုမိုရေ။ ငါတို့ကို ဖွင့်ကြည့်တော့မယ်။ လုပ်... လုပ်... မြန်မြန်လုပ်"

ဒေလီယာက ထိုင်ရာက ထလိုက်ပြီး သူ့ရဲ့ အလွန်လှပတဲ့ ဂါဝန်လေးကို သေသေသပ်သပ်ဖြစ်အောင် ဆွဲချပြင်ဆင်လိုက်တယ်။ ပြီးတော့မှ လက်ကလေးတစ်ဖက်ကို အပေါ်မြှောက်လို့၊ နောက်လက်တစ်ဖက် ခါးထောက်လိုက်ပြီး နွဲ့နွဲ့နှောင်းနှောင်း ကြော့ကြော့ရှင်းရှင်းနဲ့ ကနေဟန်လေးအတိုင်း မတ်တတ်ရပ်ပြီး ကျောက်ရုပ်သဖွယ် ငြိမ်ငြိမ်လေးနေလိုက်တယ်။ မိုမိုကလည်း ဒေလီယာ နံဘေး မှာရှိတဲ့ ပန်းပင်တွေရဲ့အပေါ်မှာ နားနေဟန်နဲ့ ငြိမ်သက်နေပါတယ်။

လက်ဆောင်ဘူးလေးက ပွင့်သွားပါပြီ။ အထဲက ပစ္စည်းကို အေးအေးက ငြင်ငြင်သာသာလေး ထုတ်ယူလိုက်တယ်။

"ဟယ်...လှလိုက်တာ။ မှန်ဖန်လုံးနဲ့ အရုပ်လေးပါလား။ ချစ်စရာလေး။ ဒီအောက်ခြေမှာ နာမည်တောင် ရေးထားသေးတယ်။ ဒေလီယာနဲ့ လိပ်ပြာလေး မိုမိုတဲ့။ ဩော်... သံပတ်လေးပါတာပဲ။ လှည့်ကြည့်လိုက်မယ်။ အို... စန္ဒရားတီးလုံးသံလေးနဲ့ အရုပ်လေးက

mgyoe.com

'က'နေသလို လည်နေတယ်။ လှလိုက်တာ မေမေရယ်။ ဝတ်ထားတာလေးကလည်း ကြည့်ပါဦး။ ဂါဝန်တိုလေးနဲ့ ကျစ်ဆံမြီးစည်းကြိုးလေးရော၊ ဖိနပ်ပါ အားလုံးပန်းရောင်လေးတွေချည်းပဲ။ ဟား... ဟား... ချစ်ဖို့ကောင်းလိုက်တာ"

အရုပ်လေးကိုကြည့်ပြီး အေးအေးက ဝမ်းသာအားရနဲ့ မလှမ်းမကမ်းမှာရှိတဲ့ သူ့အမေကို လှမ်းပြောနေတယ်။ အရမ်းစိတ်ညစ်သွားတာကတော့ ဒေလီယာတို့ပါပဲ။ လူတွေရှေ့မှာဖြစ်လို့ ငြိမ်နေရပေမယ့် အော်ငိုချင်လောက်အောင် အရုပ်လေး ဒေလီယာနဲ့ မိုမိုစိတ်ညစ်နေတယ်။ အေးအေးကတော့ ဝမ်းသာရွှင်မြူးစွာနဲ့ သူ့ရဲ့သွားဝါဝါထိန်ထိန်လေးတွေပေါ်အောင် ရယ်နေလေရဲ့။ ဒါကို ဒေလီယာတို့က ကြည့်ပြီး အလွန် စိတ်ဆင်းရဲသွားတယ်။ သူတို့ရဲ့သခင်က သူတို့မျှော်လင့်ထားသလို မဟုတ်ဘဲ အသားမည်းမည်းနဲ့ ရုပ်ဆိုးဆိုးဖြစ်နေတယ်။ ဒါ့အပြင် ဒေလီယာတို့ နေရမယ့်အိမ်က ဘာမှန်းမသိတဲ့ ပစ္စည်းတွေနဲ့ရော၊ အိုးခွက်ပေါင်းစုံတွေနဲ့ပါ ရှုပ်ပွနေတယ်။ ဟောင်းနွမ်းနွမ်း မည်းညစ်ညစ်အရောင် သစ်သားနံရံကြီးတွေ၊ သစ်သားကြမ်းခင်းကြီးတွေနဲ့ ခပ်ကျဉ်းကျဉ်း အိမ်ကလေးက ဒေလီယာကို စိတ်အပျက်ကြီး ပျက်သွားစေတယ်။

"ဒေလီယာလေးရေ...မင်္ဂလာပါ။ ငါက 'အေးအေး'တဲ့။ ဟောဟိုက မနားမနေနဲ့ အလုပ်လုပ်ဖို့ ပြင်နေတာက ငါ့မေမေ။ ငါတို့က 'မုန့်ဟင်းခါး'ရောင်းတယ် သိလား။ မုန့်ဟင်းခါးက ဘာလဲဆိုတာ ဒေလီယာလေး သိမှာမဟုတ်ဘူး။ အေးအေးပြောပြမယ်...ငါး၊ ငံပြာရည်၊ ဆန်မှုန့်၊ စပါးလင်၊ ငှက်ပျောအူ... အဲဒါတွေပေါင်းပြီး ချက်ထားတဲ့"

အေးအေး ပြောတာတွေကို ဒေလီယာ စိတ်မဝင်စားပါဘူး။ အလွန်စကားများတဲ့ အေးအေးကို ဒေလီယာတို့နားကနေ ထွက်သွား

mgype.com

စေဖို့ပဲ မျှော်လင့်နေတာပါ။ အေးအေးက မုန့်ဟင်းခါးအကြောင်း နဲ့တင် မပြီးသေးဘူး။ သူတို့ မုန့်ဟင်းခါးဆိုင်က အိမ်ရှေ့မှာပဲ။ ဘယ်အချိန် ဖွင့်တယ်၊ ပိတ်တယ်၊ သူ့ကျောင်းကို ဘယ်အချိန်တက် တယ်၊ ဘယ်မှာတက်တယ်၊ သူငယ်ချင်း ဘယ်နှယောက်ရှိတယ်... က အစ မနားတမ်း အရုပ်လေးကို ကိုင်ကြည့်ရင်း ပြောနေလေရဲ့။ သူ့အရမ်းလိုချင်နေတဲ့ အရုပ်လှလှလေးရလို့ ဝမ်းသာနေတာပေါ့လေ။

"ကဲ... ခဏနေဦး။ ဒေလီယာကို ဘယ်မှာထားရမလဲ"

အေးအေးက ဟိုဟိုဒီဒီ ကြည့်လိုက်ပြီး နောက်ဆုံး သူ့ရဲ့ စာကြည့်စားပွဲပေါ်ကို သေသေချာချာ တင်ထားလိုက်တယ်။

"ဒီနေရာက အေးအေး အမြဲ စာကြည့်တဲ့စားပွဲ။ ဒေလီယာက ဒီမှာနေနော်။ စားပွဲရှေ့မှာ ပြတင်းပေါက်ရှိတော့ အလင်းရောင်လည်း ကောင်းတယ်။ လေလည်း ဝင်တယ်"

အေးအေးက အရုပ်လေးကို အရမ်းချစ်ရှာတယ်။ နောက်နေ့ ကျောင်းသွားတော့ ဒေလီယာတို့ကို လွယ်အိတ်ထဲ ထည့်ယူသွားပြီး ကျောင်းက သူငယ်ချင်းတွေကိုပြပြီး သူ့မှာ အလွန်လှတဲ့ အရုပ်လေး ရှိကြောင်း ဂုဏ်ယူပြီး ကြွားသေးတယ်။

ဒီလိုနဲ့ တစ်နေ့ပြီး တစ်နေ့ ကုန်လွန်လာတယ်။ ဒေလီယာနဲ့ မိုမိုကတော့ နေ့တိုင်းကို စိတ်ညစ်စွာနဲ့ ဖြတ်သန်းနေရတာပေါ့။

သူတို့ကို နှုတ်ဆက်စကားပြော၊ လက်ပြပြီး ကျောင်းကို အပြေး အလွှားထွက်သွားတဲ့အေးအေးကိုကြည့်ပြီး ဒေလီယာနဲ့ မိုမို သက်ပြင်း ချလိုက်ကြတယ်။

"ကျောင်းသွားတဲ့ အချိန်လေးပဲ နားအေးတယ်။ ပြန်လာရင် နားငြီးရဦးမယ်"

"ဟင်း... စိတ်ညစ်ပါတယ် မိုမိုရယ်။ သူ့ သူငယ်ချင်းတွေနဲ့ စကားထာဖွက်တမ်း ဆော့တာက အစ၊ စိန်ပြေးတမ်း ဆော့တာ

mgyoe.com

အထိ မမောတမ်း ကျောင်းပြန်လာတိုင်း ပြောနေကျကို နားထောင်ရဦးမှာ။ သူပြောသမျှ ငါတို့တောင် အလွတ်ရတော့မယ်"

"ငါတို့ကို ဒီညနေ သူ့ ကျူရှင် ယူသွားဦးမှာလား မသိဘူး။ မလိုက်ချင်တော့ဘူး။ အိမ်မှာပဲ လွတ်လွတ်လပ်လပ် နားအေးပါးအေး နေရတာက ကောင်းဦးမယ်"

"မထူးပါဘူး မိုမိုရာ။ အိမ်မှာ နားအေးပေမယ့် နှာခေါင်းမှ မအေးတာ။ မုန့်ဟင်းခါးချက်တဲ့ အနံ့စူးစူးကြီး အမြဲနံနေတာပဲ"

"နေရတာ မပျော်ဘူး ဒေလီယာရယ်"

"ငါလည်း အတူတူပါပဲဟာ။ ခဏခဏ သံပတ်ပေးလွန်းလို့ ကရတာလည်း မောတောင် မောနေပြီ"

ဒီလို နေ့တိုင်း စိတ်ပျက်လက်ပျက် ညည်းညူနေတဲ့ ဒေလီယာနဲ့ မိုမိုတို့အတွက် ကြီးမားတဲ့ ပြောင်းလဲမှုကြီးတစ်ခုက တစ်နေ့မှာ ဖြစ်ပေါ်လာတယ်။

တစ်ညမှာပေါ့...

"မိုမို... မိုမို၊ ထစမ်း... ထစမ်း၊ ဟိုမှာကြည့်ပါဦး"

ပန်းပင်တွေပေါ်မှာ အိပ်ပျော်နေတဲ့ မိုမိုက အလန့်တကြား ထကြည့်တယ်။ သူတို့ရဲ့ 'မုန်လုံးအိမ်' ပေါ်ကို ပြူတင်းပေါက်က တစ်ဆင့် လရောင်တွေက လင်းထိန်နေအောင် ကျနေတာကို တွေ့လိုက်ရတယ်။

"လရောင်က လင်းနေတာပဲ"

"ဒီနေ့ ဘာနေ့လဲ မိုမို"

"လပြည့်နေ့နဲ့တူတယ်။ ဟုတ်လား"

"အဲဒါကို ပြောတာမဟုတ်ဘူး။ ဒီနေ့က ငါတို့ရဲ့ ရက်တစ်ရာပြည့် မွေးနေ့ရောက်ပြီ မဟုတ်လား"

"ဟာ...ဟုတ်သားပဲ။ ဒါ...ဒါဆို လပြည့်နေ့နဲ့ တိုက်ဆိုင်ပြီး

mgwe.com

mgyoe.com

လရောင်နဲ့လည်း ထိနေတယ်ဆိုတော့ ငါတို့ လနတ်မင်းကို တွေ့ရတော့မှာပေါ့"

ဒေလီယာနဲ့ မိုမိုတို့ ဝမ်းသာပျော်ရွှင်စွာနဲ့ ထ ကနေကြတုန်းမှာပဲ... သူတို့နံဘေးက ပြတင်းပေါက်နားမှာ ဖြူဝင်းပြီး လင်းထိန်နေတဲ့ ကိုယ်ရောင်ကိုယ်ဝါနဲ့ ဝတ်ရုံဖြူကြီး ဝတ်ထားတဲ့ အဘိုးအိုတစ်ဦး ပေါ်လာတယ်။

"ငါက လနတ်မင်းကြီးပဲ။ ကဲ... ကလေးတို့ လိုရာဆုတစ်ခုတောင်းနိုင်တယ်"

လို့ ဆိုလိုက်တာနဲ့ ဒေလီယာနဲ့ မိုမို တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ သူတို့မှာ အလိုချင်ဆုံးဆုက တစ်ဆုပဲရှိတယ်လေ။

"သခင် ပြောင်းခွင့်ပြုပါ။ သမီးတို့ ဒီအိမ်မှာ မနေချင်တော့ဘူး။ အိမ်ကောင်းကောင်းမှာပဲ နေချင်တယ်"

ဒေလီယာက ဒီလိုပြောလိုက်တော့ လနတ်မင်းကြီးက မျက်မှောင် ကြုတ်လိုက်ပြီး...

"ဘာကြောင့် သခင် ပြောင်းချင်ရတာလဲကွယ်။ မင်းတို့သခင်က စိတ်ကောင်းရှိပါတယ်။ မင်းတို့ကိုလည်း မနှိပ်စက်ဘူးလေ။ အကြောင်းရင်းကို ပြောပါဦး"

ဒေလီယာနဲ့ မိုမိုက တစ်ယောက်တစ်ခွန်းစီ အလုအယက်ပြောတော့တာပေါ့။ သခင်ဖြစ်တဲ့ အေးအေးက အလွန်စကားများတာကစပြီး သူတို့မနှစ်သက်တဲ့ အကြောင်းရင်းတွေ တစ်ခုပြီးတစ်ခု ပြောပြတော့တာပဲ။ အားလုံးနားထောင်ပြီးတဲ့အခါ လနတ်မင်းကြီးက ခေါင်းခါပြီး အခုလိုပြောတယ်...။

"မင်းတို့ ပြောတာတွေက မင်းတို့ သခင်ရဲ့ အပြစ်ရယ်လို့ မဆိုသာပါဘူး။ အခြားသော အရုပ်လေးတွေတုန်းကလည်း သခင်

mgyoe.com

ပြောင်းပေးဖို့ တောင်းဆိုဖူးကြပါတယ်။ သူတို့တွေရဲ့ သခင်တွေက လည်း စိတ်ထားဆိုးကြတာ အမှန်ဆိုတော့ ပြောင်းပေးခဲ့တယ်။ အခု မိန်းကလေးရဲ့ သခင်က အဲဒီလိုမျိုး ဆိုးတာမှ မဟုတ်တာ။ မင်း ပြောင်းမယ်ဆိုရင် သူ့အပေါ် မတရားသလို ဖြစ်သွားမှာပေါ့။ စဉ်းစား ပါဦးကွယ်"

လနတ်မင်းကြီးက ဘယ်လိုပဲ ဖျောင်းဖျပေမယ့် ဒေလီယာတို့က ခေါင်းမာမာနဲ့ တောင်းဆိုနေတာကြောင့် နောက်ဆုံးတော့ လနတ် မင်းကြီးက သခင်ပြောင်းပေးဖို့ သဘောတူလိုက်တယ်။

"အေးလေ... မင်း လိုချင်တဲ့ဆုကို တောင်းဆိုခွင့်ရှိပါတယ် မိန်းကလေး။ ပြည့်ဝစေရပါမယ်။ ဒါပေမယ့် မင်းတို့ လိုချင်သလို ချမ်းချမ်းသာသာနဲ့ အိမ်ကောင်းကောင်းရှိတဲ့ သခင်ကို ရွေးပေးခွင့် မရှိဘူး။ အဲဒီလိုသာ ရွေးပေးခွင့်ရှိရင် အရုပ်အားလုံးက အိမ်ကောင်း ကောင်းဆီမှာပဲ နေကြတော့မှာပေါ့။ မင်းရဲ့ သခင်အသစ်ကို မဲနှိုက်ပြီး ရွေးပါ။ မဲပေါက်တဲ့ သခင်ဆီမှာပဲ မင်းတို့ နေရမယ်။ ကောင်းတာ ဆိုးတာကတော့ မင်းတို့ ကံပေါ့ကွယ်"

လို့ဆိုပြီး ဒေလီယာတို့ကို ငွေဖလားရှိတဲ့ မဲလိပ်တွေထဲက တစ်ခုကို ရွေးခိုင်းပါတယ်။ ဒေလီယာ ရွေးပေးလိုက်တဲ့ မဲလိပ်ကို လနတ်မင်းကြီးက 'သေချာကြည့်ပြီးတဲ့အခါ...

"ကဲ... မိန်းကလေးတို့၊ မင်းတို့ရဲ့ သခင်အသစ်ဆီကို သွားကြပေတော့ကွယ်"

လို့ဆိုလိုက်ပြီး လနတ်မင်းကြီးက သူ့လက်ထဲက ဆေးကြိမ်လုံးနဲ့ မှန်လုံးအိမ်ကို တို့လိုက်တဲ့အခါ အလွန်လင်းတဲ့ အလင်းရောင်ကြီးက ဝုန်းခနဲ လင်းလက်သွားပါတယ်။ ဒေလီယာနဲ့ မိုမိုတို့ဟာ အလွန် လင်းတဲ့ အလင်းရောင်ကြီးကို မျက်စိစူးလွန်းလို့ မျက်လုံးပိတ်ထား လိုက်ကြတယ်။

mgyoe.com